ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (17-8-2005) (၄၆၉၀)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန်   ဩဂုတ်   ၁၇

၂၀၀၅ခုနှစ် ဩဂုတ် ၁၇ရက်၌ ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ နှစ်(၆၀)မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလို ဘန်ဘန်းယူဒိုယိုနိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အင်ဒိုနီးရှားသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန်   ဩဂုတ်   ၁၇

၂၀၀၅ခုနှစ် ဩဂုတ် ၁၇ရက်၌ ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ နှစ်(၆၀)မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ မူဟာမက်ယူ စွပ်ကာလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပုံညာတောင် ရထားလမ်း ဥမင်အဝင်ဝတစ်လျှောက် ဘေးနံရံကွန်ကရစ်လောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



ကိုယ်ပိုင်စွမ်းအားဖြင့် ပုံညာတောင်ရထားလမ်းဥမင် တိုးလျှိုပေါက် ဖောက်လုပ်အောင်မြင် ဥမင်ပေါက်သွားပြီဖြစ်၍ သံလမ်းခင်းလုပ်ငန်း လာမည့်နှစ် မတ်လအပြီးဆောင်ရွက်သွားမည် ရထားလမ်းခင်းပြီးပါက ပခုက္ကူ–ကလေး–ဂန့်ဂေါ ရထားတောက်လျှောက်ပြေးဆွဲနိုင်မည်ဖြစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပုံညာတောင် ဥမင်ဖောက်လုပ်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

ရန်ကုန်   ဩဂုတ်   ၁၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဩဂုတ် ၁၄ရက် မွန်းလွဲပိုင်းတွင် ပခုက္ကူ–ကလေး–ဂန့်ဂေါ ရထားလမ်းမှ ပုံညာတောင်ရထားလမ်း ဥမင်ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုံညာတောင်ရထားလမ်း ဥမင်ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရန် ဂန့်ဂေါမြို့နယ်ရှိ ကျောကျေးရွာအနီးသို့ ရောက်ရှိကြရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုံညာတောင်ကြောပေါ်ရှိ ပုလဲ–ဂန့်ဂေါ ကားလမ်းအား စက်ယန္တရားဖြင့် လမ်းချဲ့ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✧

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၇–၈–၂၀၀၅
(ဗုဒ္ဓဟူးနေ့)

ဒေသနှင့် မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးမှသည် ခေတ်မီနိုင်ငံတော်တည်ဆောက်ရေး လက်တွဲညီညီ ကြိုးပမ်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် ဩဂုတ်လ ၁၃ ရက်နေ့က မကွေးတိုင်း ခရီးစဉ်အတွင်း ပေါက်မြို့နှင့် ပခုက္ကူမြို့တို့သို့ သွားရောက်၍ ရေလှောင်တမံစီမံကိန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ခရီးစဉ်အတွင်း ပေါက်မြို့သို့ ရောက်ရှိစဉ် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာ၌ **နိုင်ငံတော်အနေဖြင့် ပေါက်ဒေသ စိမ်းလန်းစိုပြည်ရေး၊ ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာရေးတို့အတွက် လုပ်ကိုင်ဆောင်ရွက်ပေးနိုင်သည်များကို အဖြစ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ မိမိမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးမှသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရေး အတွက် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် လက်တွဲညီညီ ကြိုးပမ်း ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း** မှာကြားသွားသည်။

မကွေးတိုင်း၊ ပခုက္ကူဒေသသည် မိုးနည်းရေရှားသောဒေသဖြစ်ရာ ယခင်ကာလများက စိုက်ရေးပျိုးရေးခက်ခဲမှုများနှင့် ကြုံတွေ့ကြရသည့် အပြင် လမ်းပန်းဆက်သွယ်မှုခက်ခဲသဖြင့် ဖွံ့ဖြိုးတိုးတက်မှုများလည်း နောက်ကျခဲ့ရသည်။

ယနေ့ကာလတွင် နိုင်ငံတော်က ပခုက္ကူဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ စိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းများကို ဖော်ဆောင်ဖြည့်ဆည်းပေးလျက်ရှိသည်။

ဒေသနေပြည်သူများ ကူးသန်းဆက်သွယ်သွားလာမှု လွယ်ကူ အဆင်ပြေ ချောမွေ့စေရေးအတွက် ရထားလမ်းသစ်များ၊ ကားလမ်း သစ်များ၊ မြစ်ကူးချောင်းကူးတံတားကြီးများနှင့် လေယာဉ်ကွင်းများကို တည်ဆောက်ဖြည့်ဆည်းပေးနေသည်။ အလားတူ ပခုက္ကူဒေသကို ဖွံ့ဖြိုးရေးဒေသကြီးတစ်ခုအဖြစ် သတ်မှတ်၍ ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးတို့အတွက် လိုအပ်သော တက္ကသိုလ်၊ ကောလိပ်နှင့် ဆေးရုံကြီးများကိုပါ တည်ဆောက်ထူထောင်ပေးလျက် ရှိသည်။

ထို့အပြင် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကလိုအပ်သည့် စိုက်ပျိုးရေရရှိရေးအတွက် ရေလှောင်တမံများ၊ မြစ်ရေတင် လုပ်ငန်းများ ကိုလည်း နေရာဒေသအလိုက် အခြေအနေပေးမှုများနှင့်အညီ တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်က စိုက်ပျိုးရေရရှိရေးအတွက် ဧကထောင်၊ သောင်းချီ၍ အကျိုးပြုနိုင်သည့် ဆည်တမံစီမံကိန်းများကို ဒေသအများအပြား၌ တည်ဆောက်အကောင်အထည်ဖော်ပေးလျက်ရှိသည်။ ပေါက်မြို့နယ် အပါအဝင် ပခုက္ကူလွင်ပြင်၌မူ မြေမျက်နှာပြင် ပထဝီအနေအထားအရ ရရှိနိုင်သမျှသော ရေအရင်းအမြစ်များကို စုစည်း၍ အသေးစား ဆည်တမံငယ်များအဖြစ် ဦးစားပေးတည်ဆောက် ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံး ရေရရှိရေးအတွက် စက်ရေတွင်းများကို တူးဖော်ပေးလျက်ရှိရာ ရေမလုံလောက်သည့်ကျေးရွာ၊ ရေခက်ခဲသည့်ကျေးရွာများ၌ ရေဖူလုံစွာ ရရှိကြမည်ဖြစ်သည်။ မကြာမီကာလတွင် ပခုက္ကူခရိုင်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေ ရရှိတော့မည် ဖြစ်သည်။

ဒေသခံ တောင်သူလယ်သမားများအနေဖြင့် ရေ၊ မြေသဘာဝ သယံဇာတ အခြေအနေပေးမှုများကို အပြည့်အဝ ပေါင်းစပ် အသုံးပြု၍ တစ်သီးမှနှစ်သီး သီးထပ်သီးညှပ်စိုက်ပျိုးရေး၊ ဝင်ငွေ ကောင်းသော သီးနှံများ တိုးချဲ့စိုက်ပျိုး ထုတ်လုပ်ရေး၊ ဒေသနှင့် ကိုက်ညီသော မွေးမြူရေးလုပ်ငန်းများ တွဲဖက်လုပ်ကိုင်ရေး ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ မွန်မြတ်သောစေတနာဖြင့် အဘက်ဘက် က ဖြည့်ဆည်းပံ့ပိုးပေးမှုများနှင့်အညီ ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ တောင်သူလယ်သမားများနှင့် ပြည်သူများအားလုံးက မိမိဒေသ၊ မိမိမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးမှသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် လက်တွဲညီညီ အားသွန် ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်း ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ပြင်ဦးလွင်မြို့ အားကစားခန်းမသစ်ဖွင့်ပွဲ တက်ရောက်၍ ဖွင့်လှစ်ပေး

ရန်ကုန် ဩဂုတ် ၁၆

မန္တလေးတိုင်း ပြင်ဦးလွင်မြို့ အားကစားကွင်းရှိ အားကစားခန်းမသစ်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၃ ရက်တွင် ယင်းခန်းမသစ်၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ အားကစားဝန်ကြီးဌာနနှင့် ပြင်ဦးလွင်ခရိုင်၊ မြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာအဖွဲ့၊ အားကစားသရုပ်ပြအဖွဲ့များနှင့် အားကစားဝါသနာရှင်များ တက်ရောက် ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်နှင့် တပ်မတော်အင်ဂျင်နီယာ တက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ဝင်းမြင့်တို့က ဖဲကြိုးဖြတ်၍ အားကစားခန်းမသစ်ကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးက စက်ခလုတ်နှိပ်၍ မော်ကွန်း ကြေးပြား ကမ္ပည်းကို ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများက မော်ကွန်း ကြေးပြား ကမ္ပည်းကို အမွှေးနံ့သာ ရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဖွင့်ပွဲ အစီအစဉ်ကို အားကစားခန်းမသစ်၌ ဆက်လက် ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အမှာစကား ပြောကြားသည်။

ပြောကြား

ဆက်လက်၍ ဝန်ကြီးက မြန်မာ့ အားကစား အဆင့်အတန်း တိုးတက် မြင့်မားရေးအတွက် အလားအလာ ရှိသည့် လူငယ်သွေးသစ်များအား ရှာဖွေ ဖော်ထုတ်လေ့ကျင့်ပေးလျက်ရှိသည့် နည်းတူ အားကစားကွင်း၊ အားကစားရုံ များ အသစ် တည်ဆောက်ပေးခြင်း၊ လက်ရှိ ကွင်း/ရုံများကို အဆင့်မြှင့် ပြုပြင်ခြင်းများကို ဆောင်ရွက်ပေး လျက်ရှိကြောင်း၊ ၁၉၈၉ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း အားကစားကွင်း၁၇ကွင်း နှင့် အားကစားခန်းမ ၁၃ခုတို့ကို အသစ်တည်ဆောက်ပေးခဲ့ပြီး အားကစား ကွင်း ၁၀ ကွင်းနှင့် အားကစားခန်းမ ငါးခုတို့ကို အဆင့်မြှင့်ပြုပြင်၍ အား ကစားကွင်း ၁၀၆ကွင်းနှင့် အားကစားရုံ ၅၆ရုံတို့ကို သာမန်ပြုပြင်ပေးခဲ့ပြီး ဖြစ် ကြောင်းဖြင့် ပြောကြားသည်။

ပေးအပ်

ယင်းနောက် ဝန်ကြီးက မန္တလေး တိုင်း အားကစားနှင့်ကာယပညာကော် မတီနှင့် ပြင်ဦးလွင်ခရိုင် အတွင်းရှိ မြို့နယ်များသို့ ငွေကျပ်ခြောက်သိန်း တန်ဖိုးရှိ အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများ က လက်ခံကြသည်။

ဆက်လက်၍ အားကစားခန်းမသစ် တာဝန်ယူ တည်ဆောက်ခဲ့သည့် သုရိယ ဆောက်လုပ်ရေးမှ ဦးကျော်သက်လှိုင် က အားကစားခန်းမနှင့် ပတ်သက် သော စာရွက်စာတမ်းများကို ပေးအပ် ရာ အားကစားနှင့် ကာယပညာဦးစီး ဌာနညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက် က လက်ခံသည်။

အသုံးပြုနိုင်မည်

ထို့နောက် ကရာတေးဒို၊ ဝူရှူးနှင့် မြန်မာ့သိုင်း အားကစားသမားများက အားကစားသရုပ်ပြသကြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့သည် အားကစား သရုပ်ပြ အဖွဲ့များ၊ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

အားကစားခန်းမသစ်မှာ အလျား ပေ၁၂၀၊ အနံပေ ၉၀၊ အမြင့်၄၂ပေရှိ သံကူကွန်ကရစ်၊ ကျွန်းလျှာထိုးခင်း ဖြစ်ပြီး နိုင်ငံတော်၏ ခွင့်ပြုငွေကျပ် ၇၅၆သိန်းဖြင့် တည်ဆောက်ထားကာ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ကြက်တောင်၊ပိုက်ကျော်ခြင်းအပါအဝင် ရုံတွင်း အားကစားနည်းအားလုံးကို အသုံးပြုနိုင်မည်ဖြစ်သည်။(သတင်းစဉ်)

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော တေရသမ အကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲနှင့် ဆုပေးပွဲကို ဩဂုတ် ၁၄ရက် တွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေမြိုင်ခန်းမ၌ ကျင်းပရာ မော်လမြိုင်ခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် ဌာနဆိုင်ရာများ၊ အမှတ်ပေးဒိုင်များ၊ အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များနှင့် ဝါသနာရှင်များ တက်ရောက်ကြသည်။

ဖဲကြိုးဖွင့်လှစ်

ဖွင့်ပွဲတွင် မြို့နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိန်းက ဖဲကြိုးဖြတ်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ချီးမြှင့်

ယင်းနောက် ဆုပေးပွဲကိုကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိန်း၊ အတွင်း ရေးမှူး ဦးအောင်ဇော်မိုးနှင့် တာဝန်ရှိသူ များက အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဆုရရှိသူများ၊ ဒိုင်ချုပ်နှင့် အမှတ်ပေးဒိုင်များအား ဆုများကို ချီးမြှင့် ပေးအပ်ကြသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇–၈–၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မျိုးချစ်တပ်မတော်
၄:၄၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀ ၉။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် မြန်မာ့လေ့ထုံးတမ်းဥပဒေအရ လက်ထပ်ရန်ထိမ်းမြားရန်လိုအပ်ချက်များ (ဒုတိယနှစ်–ဥပဒေပညာ)**
၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကြော်ငြာချစ်သူ" (အပိုင်း–၈)**
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ ဗွီစီဒီ ကျော်ကြားတေးများ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တရားရှင်" (အပိုင်း–၆)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

✧ **ရှေ့ဖုံးမှ**

ဆက်လက်၍ လမ်းခင်းလျက်ရှိသည့် တပ်မတော်သားများအား တွေ့ဆုံနှုတ်ဆက်အားပေးပြီး နိုင်ငံတော်ဝန်ကြီးချုပ်က တပ်မတော်သားများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဥမင်အရှေ့ဘက်ပိုင်း

ထို့နောက် ပုံညာတောင်ရထားလမ်း ဥမင်အရှေ့ဘက်ပိုင်းသို့ ရောက်ရှိကြပြီး ဥမင်အရှေ့ဘက်ပိုင်း ဖောက်လုပ်ပြီးစီးမှု၊ ဥမင်အဝင်ဝတစ်လျှောက်၌ အမိုးခုံးကွန်ကရစ်လောင်းခြင်း၊ ဘေးနံရံများနှင့် အောက်ခြေကွန်ကရစ်လောင်းခြင်းလုပ်ငန်းများ ပြီးစီးနေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဥမင်အတွင်း ဝင်ရောက်ကြပြီး အမိုးခုံးကွန်ကရစ်လောင်းပြီးမှု၊ ဘေးနံရံနှစ်ဖက်နှင့် ကြမ်းခင်းကွန်ကရစ်လောင်းရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး၍ မြန်မာ့မီးရထားမှ အင်ဂျင်နီယာများ၊ ဝန်ထမ်းများအား နှုတ်ဆက်အားပေးကြသည်။

ဖြတ်သန်းစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုးလျှိုပေါက်ပေါက်သွားပြီဖြစ်သည့် ပုံညာတောင်ဥမင်အတွင်း မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှု စစ်ဆေးကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပုံညာတောင်ကြောပေါ်ရှိ ပုလဲ–ဂန့်ဂေါ ကားလမ်း လမ်းခင်းလျက်ရှိရာတွင် ပါဝင်ဆောင်ရွက်နေသည့် တပ်မတော်သားများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ကိုယ်ပိုင်စွမ်းအား၊ ကိုယ်ပိုင်အားထုတ်မှုများဖြင့် ပုံညာတောင်ရထားလမ်း ဥမင်ဖောက်လုပ်နိုင်ခဲ့ ယင်းလုပ်ငန်းကို စနစ်တကျ ရေရှည်ခိုင်ခံ့အောင် ဂရုပြုလုပ်ကိုင်ကြ

ဆက်လက်၍ ဥမင်အနောက်ဘက်ပိုင်းသို့ ရောက်ရှိကြပြီး အနောက်ဘက်ပိုင်းအဝင်ဝ၌ ဥမင်၏ အချောသတ်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပုံညာတောင်ရထားလမ်း ဥမင်အနောက်ဘက်ပိုင်းအဝင်ဝ၌ မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ အင်ဂျင်နီယာများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဥမင်အနောက်ဘက်ပိုင်းမှ အရှေ့ဘက်အပိုင်းသို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာ၍ ဥမင်အရှေ့ဘက်ပိုင်းအဝင်ဝ၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တိုးလျှိုပေါက် ပေါက်

ထို့နောက် စီမံကိန်းလုပ်ငန်းခွင်ဧည့်ဂေဟာပုံညာခန်းမသို့ ရောက်ရှိကြရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်းတွင် ပါဝင်သည့် ပုံညာတောင် ရထားလမ်း ဥမင်ဖောက်လုပ်ခြင်းလုပ်ငန်းကို ၁၉၉၆ ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်မှ စတင်ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ အရှည်ပေ ၅၆၁၀ ရှိသည့် ဥမင်မှာ တိုးလျှိုပေါက် ပေါက်သွားခဲ့ပြီ ဖြစ်ပါကြောင်း၊ မြန်မာ့မီးရထားမှ အင်ဂျင်နီယာများ၊ ကျွမ်းကျင်ဝန်ထမ်းများ၊ လုပ်သားများက ဥမင်၏ အရှေ့ဘက်နှင့် အနောက်ဘက်နှစ်ဖက်မှ လုပ်ငန်းများကို တစ်ပြိုင်တည်း စတင် အကောင်အထည်ဖော် ဖောက်လုပ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဥမင်ပေါက်သွားပြီဖြစ်၍ သံလမ်းခင်းခြင်းလုပ်ငန်းကို လာမည့်နှစ် မတ်လအပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ချောင်းဦးမှ ကျောအထိနှင့် ရေမျက်နီ–ဂန့်ဂေါ–ကလေးအထိကို ရထားများလည်း အပိုင်းအလိုက် ပုံမှန်ပြေးဆွဲပေးလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဖေသန်းက ဥမင်ဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ ကျော–ရေမျက်နီလမ်းပိုင်းရှိ ရထားလမ်းတံတားများ တည်ဆောက်ပြီးစီးမှု၊ သံလမ်းခင်းရန် စီစဉ်ဆောင်ရွက်နေမှုများနှင့် ရထားလမ်းများ ဖောက်ရာတွင် ASEAN Standard နှင့်အညီ ဖောက်လုပ်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ပခုက္ကူ–ကလေး–ဂန့်ဂေါ ရထားလမ်းမှ ပုံညာတောင် ရထားလမ်းလမ်းဥမင်အနောက်ဘက်ပိုင်း အဝင်ဝကို တွေ့ရစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ကိုယ်ပိုင်စွမ်းအား၊ ကိုယ်ပိုင်အားထုတ်မှုများဖြင့် ပုံညာတောင်ရထားလမ်း ဥမင်ဖောက်လုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းလုပ်ငန်းကို စနစ်တကျ ရေရှည်ခိုင်ခံ့အောင် ဂရုပြုလုပ်ကိုင်ကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ပုံညာတောင် ရထားလမ်းဥမင်မှာ အောက်ခြေအကျယ် ၁၄ပေ သုံးလက်မ၊ အမြင့် ၁၉ပေ လေးလက်မ၊ အရှည်ပေ ၅၆၁၀ရှိသည့် ဥမင်ဖြစ်သည်။

လုပ်ငန်းပြီးစီးမှု

ယခုအခါ ဥမင်မှာ တိုးလျှိုပေါက် ပေါက်သွားပြီဖြစ်သည်။ တည်ဆောက်ရေးလုပ်ငန်းများအနေဖြင့် ဥမင်၏အမိုးခုံးပိုင်း မြေစာသယ်ထုတ်ခြင်းလုပ်ငန်းနှင့် အမိုးခုံးပိုင်း ကွန်ကရစ်ပုံဖော်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ▲

- ❖ ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်းတွင် ပါဝင်သည့် ပုံညာတောင် ရထားလမ်း ဥမင်ဖောက်လုပ်ခြင်းလုပ်ငန်းကို ၁၉၉၆ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်မှ စတင်ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ အရှည်ပေ ၅၆၁၀ ရှိသည့် ဥမင်မှာ တိုးလျှိုပေါက် ပေါက်သွားခဲ့ပြီဖြစ်၊
- ❖ မြန်မာ့မီးရထားမှ အင်ဂျင်နီယာများ ကျွမ်းကျင်ဝန်ထမ်းများ၊ လုပ်သားများက ဥမင်၏ အရှေ့ဘက်နှင့် အနောက်ဘက်နှစ်ဖက်မှ လုပ်ငန်းများကို တစ်ပြိုင်တည်း စတင် အကောင်အထည်ဖော် ဖောက်လုပ်ခဲ့ခြင်းဖြစ်၊
- ❖ ဥမင်ပေါက်သွားပြီဖြစ်၍ သံလမ်းခင်းခြင်းလုပ်ငန်းကို လာမည့်နှစ် မတ်လအပြီး ဆောင်ရွက်သွားမည်ဖြစ်၊
- ❖ ချောင်းဦးမှ ကျောအထိနှင့် ရေမျက်နီ–ဂန့်ဂေါ–ကလေးအထိကို ရထားများလည်း အပိုင်းအလိုက် ပုံမှန်ပြေးဆွဲပေးလျက်ရှိ။

စာနယ်ဇင်းများက နိုင်ငံ့ခွန်အားကို မြှင့်တင်ပေးသင့် ပြည်သူများ၏ အတွေးအခေါ်အယူအဆမြင့်မားရေး အားပေး

ဟန္နိုင်း ဩဂုတ် ၁၅

ဗီယက်နမ်လူမျိုးတို့၏ စိတ်ဓာတ်၊ အသိပညာ၊ အတွေးအခေါ်နှင့်ရိုးသားဖြောင့်မတ်သည့်စိတ်ဓာတ်တို့ကို မြှင့်တင်ပေးနိုင်ရန် ရေးသားဖော်ပြခြင်းဖြင့် စာနယ်ဇင်းများသည် နိုင်ငံ့ခွန်အားကို မြှင့်တင်ပေးသင့်ကြောင်း၊ ပြည်သူများ၏ အတွေးအခေါ်အယူအဆများ မြင့်မားရေးအတွက်စာနယ်ဇင်းများက အားပေးရမည်ဖြစ်ကြောင်း ဗီယက်နမ်ပါတီ ခေါင်းဆောင်တစ်ဦးက စနေနေ့တွင် တိုက်တွန်းလိုက်သည်။

ဗီယက်နမ်နိုင်ငံ မြို့တော်ဟန္နိုင်းတွင် ကျင်းပသည့်သတင်းစာဆရာများအသင်း၏ အဋ္ဌမအကြိမ်ကွန်ဂရက်၌ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး ငိုဒတ်မန်းက မိန့်ခွန်းပြောကြားရာတွင် အထက်ပါအတိုင်း တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

ကြိုးပမ်း

ပါတီနှင့် နိုင်ငံတော်တို့၏ မူဝါဒများနှင့် လမ်းညွှန်ချက်များကို အကောင်အထည်ဖော်နိုင်စေရန် လည်းကောင်း၊ ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်စေရန်လည်းကောင်း စာနယ်ဇင်းများသည် အရေအတွက်အရရော အရည်အချင်းအရပါ တိုးတက်မှုရှိလာအောင် သတင်းစာဆရာများက အာရုံစိုက်သင့်ကြောင်း၊ နည်းပညာသစ်များ အသုံးပြုကာ ထုတ်လုပ်နိုင်အောင် ကြိုးပမ်းရမည်သာမက ရေးသားတင်ပြပုံ ဟန်ပန် ကောင်းမွန်စေရန်လည်း အလေးပေးသင့်ကြောင်း ငိုဒတ်မန်းက ပြောကြားသည်။

ဆိုးကျိုးသက်ရောက်စေနိုင်သည့်သတင်းများကို ချေဖျက်နိုင်ရန် စာနယ်ဇင်းများက အလေးထားရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ယခုအခါ ဗီယက်နမ်နိုင်ငံတစ်ဝန်းတွင် စာနယ်ဇင်းအဖွဲ့အစည်း ၅၅၀ ကျော်က စာနယ်ဇင်းအမျိုးပေါင်း ၇၀၀ ကျော်ကို ထုတ်ဝေလျက် ရှိကြောင်း သတင်းစာဆရာများအသင်းက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အမေရိကန် စစ်ယာဉ်တစ်စီး မီးလောင်နေသည်ကို ဩဂုတ် ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အက်ဖ်-၁၆လေယာဉ်များ ပါကစ္စတန်ဝယ်ယူရန်ဆွေးနွေး ယခုနှစ်အတွင်း လေယာဉ်သစ်နှစ်စင်း ရရှိမည်

အစ္စလမ္မာဘာတ် ဩဂုတ် ၁၅

ပါကစ္စတန်နိုင်ငံသည် အက်ဖ်-၁၆ အမျိုးအစားလေယာဉ် ၇၅စင်းဝယ်ယူရေး ကိစ္စနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံနှင့် ဆွေးနွေးလျက်ရှိကြောင်း၊ ပါကစ္စတန်နိုင်ငံသည် အက်ဖ်-၁၆ လေယာဉ်နှစ်စင်းကို ယခုနှစ်ကုန်ထက်နောက်မကျဘဲ ပထမအသုတ်အဖြစ်ရရှိမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံဆိုင်ရာ ပါကစ္စတန် သံအမတ်ကြီး ဂျေဟန်ဂီကာရာမက်က တနင်္လာနေ့တွင် ပြောကြားသည်။

ပါကစ္စတန်နိုင်ငံသည် ယခုနှစ်ဒီဇင်ဘာလအမီ အက်ဖ်-၁၆ လေယာဉ်နှစ်စင်းကို ရရှိမည်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံသည် အက်ဖ်-၁၆လေယာဉ်နှစ်စင်းကို ပါကစ္စတန်နိုင်ငံထံရောင်းချပေးရန် ယခုနှစ်အစောပိုင်းက သဘောတူညီခဲ့ပြီး ဖြစ်ကြောင်း၊ လေယာဉ်ရောင်းချရေးဆွေးနွေးမှုများမှာ တိုးတက်လျက်ရှိကြောင်း ပါကစ္စတန် သံအမတ်ကြီးက ပြောကြားသည်။

ဆွေးနွေး

ပါကစ္စတန်နှင့် အမေရိကန်နိုင်ငံတို့သည် လေယာဉ် ရောင်းချခြင်းဆိုင်ရာ အသေးစိတ် အချက်အလက်များကို ဆွေးနွေးလျက်ရှိကြောင်း၊ မိမိတို့သည် အက်ဖ်- ၁၆လေယာဉ် ၇၅ စင်းအထိ ဝယ်ယူရေးကိစ္စကို ဆွေးနွေးနေဆဲဖြစ်ကြောင်း သံအမတ်ကြီးက ပါကစ္စတန်နိုင်ငံပိုင် သတင်းဌာနဖြစ်သော အေပီပီအားပြောကြားသည်။

အင်အားဖြည့်တင်း

ပါကစ္စတန်နိုင်ငံသည် ၁၉၈၀ပြည့်နှစ်ကာလက ထုတ်လုပ်ခဲ့သည့်အက်ဖ်- ၁၆ လေယာဉ် ၃၂စင်းခန့်ကို ပိုင်ဆိုင်ပြီး အက်ဖ်-၁၆ အမျိုးအစား လေယာဉ်သစ်များဖြင့် အင်အားဖြည့်တင်းသွားမည်ဖြစ်ကြောင်း၊ လေယာဉ်သစ်များဝယ်ယူခြင်းအတွက်ဒေါ်လာသုံးဘီလီယံခန့် ကျခံသုံးစွဲရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ ပီတီအိုင်။***

ဂျပန်မြောက်ပိုင်း၌ မြေငလျင်လှုပ်

တိုကျို ဩဂုတ် ၁၆

ဂျပန်နိုင်ငံ မြောက်ပိုင်းတွင် အင်္ဂါနေ့က ရစ်ချ်တာစကေး ၇ ဒသမ ၂ရှိ အင်အားပြင်းထန်သော မြေငလျင်လှုပ်မှုဖြစ်ပွားရာ အဆောက်အအုံများ ပျက်စီးပြီး ၄၅ဦးဒဏ်ရာရရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

- တုန်ခါသွား -

အင်္ဂါနေ့ ဒေသစံတော်ချိန် ၁၁နာရီ ၄၆မိနစ်တွင် မြေငလျင်လှုပ်ခဲ့ပြီး မြေငလျင်၏အရှိန်ကြောင့် မြေငလျင်ဗဟိုပြုရာဒေသမှ မိုင် ၁၉၀ခန့်အကွာ မြို့တော်တိုကျိုရှိ အဆောက်အအုံများ ပင်လျှင် တုန်ခါသွားခဲ့သည်။

- သတိပေးထုတ်ပြန် -

မီယာဂီပြည်နယ်၏ ပင်လယ်ကမ်းရိုးတန်းဒေသတွင် ဆူနာမီလှိုင်း သတိပေးချက် ထုတ်ပြန်ခဲ့သည်။ မြေငလျင်ဗဟိုပြုရာဒေသမှာ တိုကျိုမြို့ မြောက်ဘက် ဆန်ဒိုင်းမြို့အနီး မီယာဂီ ကမ်းရိုးတန်းဒေသဖြစ်ပြီး မြေငလျင်ကြောင့် လျှပ်စစ်မီးပြတ်တောက်မှုဖြစ်ပွားကာ လမ်းများပိတ်ဆို့သွားခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

ကြေးမုံ

The Mirror

နိုင်ငံတကာ သတင်းများ

ဗီယက်နမ်တွင် မော်တော်ယာဉ်နှင့် ရထားတိုက်မှုဖြစ် ၁၀ ဦးသေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိ

ဟန္နိုင်း ဩဂုတ် ၁၅

အဝေးပြေး မော်တော်ယာဉ်တစ်စီးက ရထားတစ်စင်းအား ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ဘင်ဒင်ပြည်နယ်တွင် တနင်္လာနေ့ မွန်းလွဲပိုင်းက ဝင်တိုက်ခဲ့မှုကြောင့် လူ ၁၀ ဦးသေဆုံးပြီး အခြားလူ ၁၅ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ခရီးသည် ၂၅ဦးလိုက်ပါသည့်အဆိုပါ မော်တော်ယာဉ်တစ်စီးသည် ဟန္နိုင်းမြို့တော်မှ ထွက်ခွာလာသည့် ရထားတစ်စင်းနှင့်ယင်းပြည်နယ်ရှိရထားလမ်းတွင်တိုက်မိကြခြင်းဖြစ်သည်ဟု ဗီယက်နမ်သတင်းဌာနက ဖော်ပြသည်။

မော်တော်ယာဉ်ပေါ် လိုက်ပါစီးနင်းသူများသေဆုံးပြီး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ရထားလမ်းဖြတ်စဉ် ယာဉ်မောင်းအနေဖြင့် သတိထားဖွယ်မရှိဟု ဒေသဆိုင်ရာအာဏာပိုင်များ၏ကနဦးသတင်းများအရသိရသည်။ယင်းကိစ္စအား စုံစမ်းလျက်ရှိသည်။***အမ်အင်အေ၊ ဆင်ဟွာ။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်ရှိ ဆာဒါစီးတီးဒေသတွင် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန် သံချပ်ကာကားတစ်စီးကို ဩဂုတ်၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗင်နီဇွဲလား ခရီးသည်တင်လေယာဉ် ပျက်ကျ

ကာရာကာ့စ် ဩဂုတ် ၁၆

ဗင်နီဇွဲလားနိုင်ငံမှ ကာရစ်ဘီယန် အနောက်ပိုင်း လေကြောင်းဌာနပိုင် ခရီးသည်တင် လေယာဉ်တစ်စင်းသည် ခရီးသည် ၁၅၂ ဦးကို တင်ဆောင်လျက် ပနားမားမှ မာတင်နစ်ကျွန်းသို့ပျံသန်းလာစဉ် ကိုလံဘီယာနိုင်ငံနှင့် ထိစပ်နေသော ဗင်နီဇွဲလားနိုင်ငံ၏ နယ်စပ်ဒေသတွင် အင်္ဂါနေ့ အစောပိုင်းက ပျက်ကျရာ တစ်ဦးတစ်ယောက်မျှ အသက်ရှင်ဖွယ်မရှိကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါလေယာဉ်မှာ ကမ္ဘာလှည့်ခရီးသည် များကို တင်ဆောင်လာသည့် စင်းလုံးငှားလေယာဉ်ဖြစ်သည်။ အင်ဂျင်နှစ်လုံးတပ် ခရီးသည်တင်လေယာဉ်၏ အင်ဂျင်စက်အားလုံး ချွတ်ယွင်းမှုများရှိသည်ဟု လေယာဉ်မှူးက သတင်းပို့ခဲ့ပြီးနောက် လေယာဉ်ပျက်ကျခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ဘဂ္ဂဒက်အနောက်ပိုင်းဒေသတွင် ကားဗုံးပေါက်ကွဲ၊ လူတစ်ဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၁၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်မှ အထင်ကရလမ်းမကြီးပေါ်တွင် အမေရိကန်ကင်းလှည့်ယာဉ်တစ်စီး တနင်္လာနေ့က ကားဗုံးဖောက်ခွဲမှုကြောင့်အရပ်သားတစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်းဖြင့် ရဲတပ်ဖွဲ့က ပြောကြားသည်။

ခက်ဒရာဒေသရှိ လမ်းဘေးတွင် ကားဗုံးထောင်ထားရာ အမေရိကန်ကင်းလှည့်ယာဉ်တစ်စီးဖြတ်သွားစဉ် ဗုံးပေါက်ကွဲမှုကြောင့် အရပ်သားတစ်ဦးသေဆုံးပြီး အခြားလူများထိခိုက်ဒဏ်ရာရ ရှိခဲ့သည်ဟု ကနဦးရောက်လာသည့် သတင်းများအရ သိရှိရသည်ဟု ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

ယင်းဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်ဟမ်းဗီးမော်တော်ယာဉ်နှစ်စီးနှင့် အရပ်သားများ၏ မော်တော်ယာဉ်တစ်စီး ပျက်စီးသွားသည်ဟု သတင်းရပ်ကွက်ကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်မြောက်ပိုင်းတွင်ဗုံးဖောက်ခွဲ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၁၅

အမေရိကန်တပ်ဖွဲ့ကင်းလှည့်စဉ် အီရတ်နိုင်ငံမြောက်ပိုင်းဒေသတွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် တပ်ဖွဲ့ဝင်သုံးဦးသေဆုံးပြီး အခြားတစ်ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက်က စနေနေ့တွင် ပြောကြားလိုက်သည်။ ယင်းဖြစ်ရပ်သည် ဘဂ္ဂဒက်မြောက်ပိုင်းကီလိုမီတာ ၁၈၀ခန့်အကွာ ရှိတပ်ဇ်မြို့တွင် သောကြာနေ့ နှောင်းပိုင်းအချိန်က ဖြစ်ပွားခဲ့သည်ဟု စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသော်လည်း အသေးစိတ်ဖော်ပြခြင်းမရှိပေ။

ယင်းဒေသတွင် အင်္ဂါနေ့ကလည်း ကင်းလှည့်တပ်ဖွဲ့အားတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်လေးဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့သည်။

ပြောက်ကျားများသည်သံချပ်ကာယာဉ်ပေါ်လိုက်ပါလာသည့် တပ်ဖွဲ့ဝင်အားလုံး သေစေနိုင်သည့် ထိရောက်မှုရှိသောဗုံးများကိုအသုံးပြုနေသည်ဟု အမေရိကန်တပ်မှူးများက ဝန်ခံပြောကြားကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အာဖဂန်နစ္စတန်တွင် စစ်ရဟတ်ယာဉ်ပျက်ကျ စပိန်တပ်ဖွဲ့ဝင် ၁၇ဦးသေဆုံး

ကဘူး ဩဂုတ် ၁၆

အာဖဂန်နစ္စတန်နိုင်ငံတွင် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ လိုက်ပါလာသော ရဟတ်ယာဉ်တစ်စင်း ပျက်ကျသည့်ဖြစ်ရပ် ဩဂုတ် ၁၆ရက်က ဖြစ်ပွားကြောင်း၊ ရဟတ်ယာဉ်ပျက်ကျမှုကြောင့် သေဆုံးရသူများမှာ စပိန်တပ်ဖွဲ့ဝင် ၁၇ဦးဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်း ဟာရတ်မြို့အနီးတွင် ပူးမားအမျိုးအစား စစ်ရဟတ်ယာဉ်တစ်စင်း ပျက်ကျပြီး အခြားရဟတ်ယာဉ်တစ်စင်းမှာ အရေးပေါ်ဆင်းသက်ခဲ့ရသည်။

ရဟတ်ယာဉ် ပျက်ကျရသည့် အကြောင်းရင်းကို လောလောဆယ် မသိရသေးပေ။ သို့ရာတွင် ရဟတ်ယာဉ်ပျက်ကျမှု ဖြစ်ပွားရာဒေသတွင် သဲမုန်တိုင်း တိုက်ခတ်ခဲ့သည်ဟု သတင်းများတွင်ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပုံညာတောင်ရထားလမ်း ဥမင်အရှေ့ဘက်ပိုင်းအဝင်ဝ၌ မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ အင်ဂျင်နီယာများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ကျော-ရေမျက်နီ ရထားလမ်းပိုင်းတွင် တံတား အစင်း ၁၃၀ ရှိရာ ၁၂၁ စင်း တည်ဆောက်ပြီးစီး၍ ကိုးစင်းသာ တည်ဆောက်ရန်ကျန်ရှိ

✳ စာမျက်နှာ ၃ မှ

ဥမင်၏ ဘေးနံရံနှစ်ဖက် ကွန်ကရစ်လောင်းခြင်းလုပ်ငန်းတွင် ၁၇၀၆ ပေ၊ ကြမ်းခင်းကွန်ကရစ် လောင်းခြင်းလုပ်ငန်းတွင် ၄၁၁၃ ပေ ဆောင်ရွက်ရန်သာ ကျန်ရှိသည်။

ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ် အနောက်ဘက်ခြမ်းဒေသ ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ရာတွင် ချောင်းဦး-ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်းသည်လည်း အစိတ်အပိုင်းတစ်ခု အဖြစ် ပါဝင်လျက်ရှိသည်။

ဖွင့်လှစ်ပြေးဆွဲနေ

အဆိုပါ ရထားလမ်းတွင် ၁၄၂ဒသမ ၅၄မိုင်ရှည် ချောင်းဦး-ကျော ရထားလမ်းပိုင်းနှင့် ၁၀၅ ဒသမ ၃၅ မိုင်ရှည် ရေမျက်နီ-ဂန့်ဂေါ-ကလေး ရထားလမ်းပိုင်းတို့မှာ ဖွင့်လှစ်ပြီးဖြစ်၍ ရထားပြေးဆွဲနေပြီ ဖြစ်သည်။

ပခုက္ကူ-ကလေး-ဂန့်ဂေါ ရထားလမ်းတွင် နောက်ဆုံးကျန်ရှိသည့် ကျော-ရေမျက်နီ ရထားလမ်းပိုင်း၌ ပုံညာတောင်ရထားလမ်း ဥမင်ကိုလည်း အောင်မြင်စွာ ဖောက်လုပ်နိုင်ခဲ့ပြီဖြစ်သည်။ ကျော-ရေမျက်နီ ရထားလမ်းပိုင်းတွင် ရထားလမ်းကူးတံတား အစင်း ၁၃၀ ရှိရာ ၁၂၁ စင်း တည်ဆောက်ပြီးစီး၍ ကိုးစင်းသာ တည်ဆောက်ရန် ကျန်ရှိတော့ ကြောင်း သိရှိရသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရထားလမ်း ဥမင်အရှေ့ဘက်ပိုင်းအနီးရှိ ရထားလမ်းကူးတံတားတစ်စင်း တည်ဆောက်ပြီးစီးမှုကိုလည်း ကြည့်ရှုစစ်ဆေးကြသည်။

အထောက်အကူပြု

ပုံညာတောင် ရထားလမ်းဥမင်ဖောက်လုပ်ခြင်း လုပ်ငန်းအောင်မြင်ပြီးစီးသွားပြီး ချဉ်းကပ်ရထားလမ်းများ ခင်းပြီးပါက ပခုက္ကူ-ကလေး-ဂန့်ဂေါ ရထားလမ်းတစ်ဆက်တစ်စပ်တည်း တောက်လျှောက် ပြေးဆွဲနိုင်မည်ဖြစ်ရာ ပခုက္ကူ-ကလေး-ဂန့်ဂေါနှင့် ဆက်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြု သွားမည်ဖြစ်သည်။

(သတင်းစဉ်)

ပုံညာတောင် ရထားလမ်း ဥမင်ဖောက်လုပ်ခြင်းလုပ်ငန်း အောင်မြင်ပြီးစီးသွားပြီး ချဉ်းကပ်ရထားလမ်းများခင်းပြီးပါက ပခုက္ကူ-ကလေး-ဂန့်ဂေါ ရထားလမ်း တစ်ဆက်တစ်စပ်တည်း တောက်လျှောက် ပြေးဆွဲနိုင်မည်ဖြစ်ရာ ပခုက္ကူ - ကလေး - ဂန့်ဂေါနှင့် ဆက်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုသွားမည်ဖြစ်။

ရန်ကုန်နှင့်မန္တလေး အဝေးသင်တက္ကသိုလ် အနီးကပ်သင်တန်းနှင့် အတန်းတင်စာမေးပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၆

၂၀၀၅ ပညာသင်နှစ် ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေး အဝေးသင်တက္ကသိုလ်တို့၏ အနီးကပ်ပို့ချသင်တန်းများနှင့် အတန်းတင်စာမေးပွဲများကို ကျင်းပမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

ပထမအသုတ်အဖြစ် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် သိပ္ပံအထူးပြု ကျောင်းသားများအတွက် အတန်းတင်စာမေးပွဲကို အောက်တိုဘာ ၃ရက်မှ ၁၀ရက်အထိ ကျင်းပမည်ဖြစ်သည်။

ဒုတိယအသုတ်အဖြစ် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်(ဥပဒေပညာ၊ သမိုင်းနှင့် စီးပွားရေးမှအပ) ကျန်ဝိဇ္ဇာ အထူးပြုအားလုံး ကျောင်းသားများအတွက် အနီးကပ်ပို့ချသင်တန်းများကို အောက်တိုဘာ ၁၃ရက်မှ ၂၃ရက်အထိ ပြုလုပ်မည်ဖြစ်ပြီး တနင်္ဂနွေနေ့ အပါအဝင် သင်တန်းပို့ချခြင်း ပြုလုပ်မည်ဖြစ်ရာ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် (ဥပဒေပညာ၊ သမိုင်းနှင့် စီးပွားရေးမှအပ) ကျန်ဝိဇ္ဇာအထူးပြု အားလုံး ကျောင်းသားများအတွက် အတန်းတင်စာမေးပွဲကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၃ရက်ထိ ပြုလုပ်မည်ဖြစ်သည်။

တတိယအသုတ်အဖြစ် ပထမနှစ်၊ ဒုတိယနှစ်စီးပွားရေးအထူးပြုအားလုံး၏ အထောက်အကူပြုဘာသာရပ်များ၊ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် သမိုင်း၊ ဥပဒေ၊ တတိယနှစ် စီးပွားရေး အထူးပြုများနှင့် စတုတ္ထနှစ် ဥပဒေအထူးပြု ကျောင်းသားများအတွက် အနီးကပ်ပို့ချသင်တန်းများကို နိုဝင်ဘာ ၇ရက်မှ ၁၇ရက်ထိ ပြုလုပ်မည်ဖြစ်ပြီး တနင်္ဂနွေနေ့အပါအဝင် သင်တန်းပို့ချခြင်း ပြုလုပ်မည်ဖြစ်သည်။ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် သမိုင်း၊ ဥပဒေ၊ စီးပွားရေးအထူးပြုများနှင့် စတုတ္ထနှစ် ဥပဒေအထူးပြု ကျောင်းသားများ အတွက် အတန်းတင်စာမေးပွဲကို နိုဝင်ဘာ ၂၁ရက်မှ ၂၈ရက်အထိ ကျင်းပမည် ဖြစ်သည်။ပထမနှစ်နှင့်ဒုတိယနှစ် စီးပွားရေး အထူးပြုများအတွက် စီးပွားရေး ဘာသာရပ်မှလွဲ၍ ကျန်အထောက်အကူပြု ဘာသာရပ်များအတွက် အနီးကပ်သင်တန်းပို့ချမည်ဖြစ်ပြီး တတိယနှစ် စီးပွားရေးအထူးပြုများအတွက် (စီးပွားရေးဘာသာရပ်များအပါအဝင်) ဘာသာရပ်များ အားလုံးအတွက် အနီးကပ်သင်တန်း ပို့ချမည်ဖြစ်သည်။ ပထမနှစ်နှင့် ဒုတိယနှစ်စီးပွားရေးနှင့် ပေါင်းစပ်ဘာသာရပ်အထူးပြုကျောင်းသားများအတွက် စီးပွားရေးဘာသာရပ်များကို အီလက်ထရွန်းနစ် သင်ယူမှုဌာန (e-Education Learning Centre) များတွင် လေ့လာနိုင်ရန် စီစဉ်ထားပြီးဖြစ်သဖြင့် အနီးကပ် သင်တန်းများတွင် ထပ်မံပို့ချတော့မည် မဟုတ်ကြောင်း အတန်းတင်စာမေးပွဲများကို တနင်္ဂနွေနေ့နှင့် အစိုးရ ရုံးပိတ်ရက်များတွင် ပြုလုပ်မည်မဟုတ်ကြောင်းနှင့် အသေးစိတ်အချိန်ဇယားကို ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် ဌာနခွဲများတွင် ဆက်လက်ထုတ်ပြန်ပေးမည်ဖြစ်သည်။ (သတင်းစဉ်)

အင်ဒိုနီးရှားသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ ဝန်ကြီးဦးဉာဏ်ဝင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၁၇

၂၀၀၅ခုနှစ် ဩဂုတ် ၁၇ရက်၌ ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ နှစ်(၆၀)မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးဉာဏ်ဝင်းထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာ အင်န်ဟာဆန်ဝီရာယုဒထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မေတ္တာလွှမ်းခြုံ ဤလူ့ဘုံ

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)

"လေပြည်ငယ် သုတ်ပါလို့
ရွှေဘုတ်ကယ် အိုးအီ
အုံ့မှိုင်းငယ်ရီ
နေမီအောင် တခိုလှမ်းခဲ့ရ
ကောက်ငန်းက သူပြန်ပုံမှာ
ခတ္တာငုံ ပန်းနှစ်ဆင့်ငယ်နှင့်
ပန်းဝင့်လို့ ရွာကိုဝင်
အမြင်ဆန်းပါဘိတယ်လေး။"
(စာဆို ဦးကြီး)

စာဆိုတော်ဦးကြီးက ရိုးစင်းသော ကောက်စိုက်သမတစ်ဦး၏အသွင်ကို အဆန်းတကြယ်ဖြစ်အောင် ဖွဲ့ဆို တင်ပြထားပါသည်။

ဝါခေါင်လ၏အလှသည် ဘာသာရေးရှုထောင့်မှ ကြည့်လျှင် စာရေးတံအလှူပွဲဖြင့် လှပနေသည်။ ထို့အတူပင် လူမှုလုပ်ငန်းခွင်ဘက်မှကြည့်ပြန်လျှင် ကောက်ပင်စိမ်းလဲ့ ယိမ်းနွဲ့နွဲ့တို့ကြားမှ **"ခတ္တာငုံ ပန်းနှစ်ဆင့်နှင့်"** တင့်တယ်သော ကောက်စိုက်သမလေးတို့ကြောင့် တစ်မျိုးလှနေပြန်တော့သည်။

ဝါခေါင်လသည် မြန်မာလများ၏ ငါးလမြောက်ဖြစ်ပြီး မိုးဥတုတွင် ပါဝင်သည်။ မိုးများစွာ ရွာသွန်းသောလဖြစ်၍ မြစ်ရေ၊ ချောင်းရေတို့တိုးကာ ကမ်းလုံးပြည့် လျှံတက်လေ့ရှိသည်။ ထို့ကြောင့် ဝါဆို ဝါခေါင် ရေဖောင်ဖောင်ဟု ပညာရှင်များက စာဖွဲ့ကြသည်။

အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူ၏။ တစ်ကျောင်းလုံးရှိ သံဃာတော်များကို လှူဒါန်းရန် အခက်အခဲရှိနေ၍ ဒါယကာများက ဘုရားရှင်အား လျှောက်ထားကြရာ ဘုရားရှင်က စာရေးတံမဲချ၍ လှူဒါန်းစေခဲ့ရာမှ စာရေးတံမဲပွဲတော် စတင်ပေါ်ပေါက်ခဲ့သည်။ ရှေးမြန်မာများက ဝါခေါင်လတွင် သံဃာတော်များ စုဝေးတည်ရှိ ဝါကပ်နေချိန် ဆွမ်းကိစ္စ လွယ်ကူစေရန် ရည်ရွယ်ချက်ဖြင့် စာရေးတံမဲပွဲတော်ကို ဝါခေါင်လတွင် ကျင်းပခဲ့ကြသည်။ ထို့ကြောင့် စာရေးတံမဲပွဲသည် ဝါခေါင်လ၏ ရာသီပွဲတော် ဖြစ်လာခဲ့သည်။

ဘုရားရှင်လက်ထက်တော်ကပင် ဝါခေါင်လပြည့်နေ့သည် **"မေတ္တာအခါတော်နေ့"** ဖြစ်ခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကားသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့ဟု သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက သတ်မှတ်ပြီး ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ အခမ်းအနားကို ကျင်းပကြသည်။

မေတ္တာဆိုရာဝယ် ၁၅၀၀ ကိလေသာ၊ တဏှာပေမ မေတ္တာနှင့် ၅၂၈ သွယ်သော မိသားစု သွေးရင်းသားရင်းမေတ္တာဟူ၍ ခွဲခြားနိုင်ပါသည်။ ထိုကဲ့သို့ နေ့ကြီးရက်ကြီးများတွင် သူတော်ကောင်းများသည် ပုံမှန်ကာလများထက် ပို၍မေတ္တာဘာဝနာ ပွားများကြပါသည်။

မေတ္တာပို့သောပုဂ္ဂိုလ်သည် အင်္ဂုတ္တရနိကာယ်ဧကာဒသကနိပါတ် မေတ္တာသုတ်လာ မေတ္တာအကျိုး (၁၁)မျိုးကို ဧကန်မုချ ရရှိနိုင်မည်ဖြစ်သည်။

မေတ္တာအကျိုး(၁၁)မျိုးကား–

(၁) **ချမ်းသာစွာ အိပ်စက်ရခြင်း၊**
(၂) **ချမ်းသာစွာ နိုးရခြင်း၊**
(၃) **မကောင်းသောအိပ်မက် မမက်ရခြင်း၊**
(၄) **လူတို့ချစ်ခင်ခြင်း၊**
(၅) **နတ်ပြဟ္မာတို့ စောင့်ရှောက်ခြင်း၊**
(၆) **လူမှတစ်ပါးသောသူတို့ ချစ်ခင်ခြင်း၊**
(၇) **မီး၊ အဆိပ်၊ ပဃောဂနှင့် လက်နက်ကြီးငယ်များ မထိခိုက်ခြင်း၊**
(၈) **စိတ်သည် လျင်မြန်တည်ကြည်ခြင်း၊**
(၉) **မျက်နှာအဆင်း အထူးကြည်လင်ခြင်း၊**
(၁၀) **မတွေမဝေ သေရခြင်း၊**
(၁၁) **သေလွန်သောအခါ မင်္ဂဖိုလ်မရလျှင် ဗြဟ္မာပြည်ရောက်ရခြင်း** တို့ ဖြစ်သည်။

ဝါခေါင်လ၏သာယာပုံကို မဟာအတုလမင်းကြီးက **"မျှော်အောင်သာ ပန်းတော့တယ်၊ သောင်ကမ်းငယ်ပြည့်လျှံ၊နဒီငယ်ခြံသည်၊ ပြည်မင်းစံ ရွှေဘုံက၊ အကုန်ထူးတဲ့လကိုလေး။ ရာသီသိဟ်ငယ်၊ နေမိန္ဒရ၊ ဝါခေါင်လမို့၊ တော်များထွက်စွန်၊ သရဝဏ်လဲ၊ ရောင်ဝှန်တေဇာ၊ ပန်းခတ္တာနှင့် ခိုင်ညှာပွင့်ကြူ၊ တိုင်းပြည်သူတို့၊ လှူစာရေးတံ၊သဘင်စုံခံဆဲမို့၊ လွမ်းရန်ဖွဲ့ သည်ချိန်မှာ၊ ဒေဝရိန်ပဇ္ဇုန်မှူးငယ်က၊ မြူးလှတယ်လေး"**ဟု ဖွဲ့ဆိုခဲ့သည်။

ဝါခေါင်လသည် သိဟ်ရာသီဖြစ်၏။ သိဟ်ရာသီသည် ပါဠိလို သီဟရာသီဖြစ်၍ ကောင်းကင်တွင် ကြယ်တချို့ကို ခြသေ့်ရုပ်အသွင်ဖြင့် တွေ့မြင်နိုင်သည်။ သရဝဏ်နက္ခတ်ထွန်းလင်းသည်။ ဝါခေါင်လ၏ ရာသီပန်းအဖြစ် ခတ္တာပန်းများ ပွင့်ကြသည်။

ဝါခေါင်လသည် မိုးများသောလဖြစ်၍ မြန်မာ့ကျေးလက်ဒေသရှုမျှော်ခင်းသည် တစ်မျိုးတစ်ဖုံ လွမ်းစရာကောင်းသည်။ **"သပြေကသီး ရေကကြီး၊ ထန်းသီးကကြွေ မိုးကစွေ"**ဆိုသည့်အတိုင်း ရေများပြည့်လျှံ၍ လယ်မြေတစ်ခွင်၌လည်း ရေပြင်အတိဖြစ်နေသည်။ တစိမ့်စိမ့်စွေနေသော မိုးကြောင့် အအေးဓာတ်က ဝင်ရောက်လာသည်။ နွေမှာမြူငွေ့ဖြင့် ရီဝေအုံ့ဆိုင်း၍ လွမ်းစရာကောင်းသလို၊ မိုးမှာ မိုးစက်ဖြင့် မှုန်မှိုင်း၍ လွမ်းစရာကောင်းပြန်သည်။

ဝါခေါင်ဟူသော အဓိပ္ပာယ်မှာ **ဝါ**–သည် ရဟန်းတော်များ ဝါဆိုဝါကပ်ခြင်းဖြစ်၍ **ခေါင်**–သည် အလယ်ဗဟိုဖြစ်သည်။ ထို့ကြောင့် ဝါခေါင်လသည် ဝါတွင်းသုံးလ၏ အလယ်ဗဟိုဖြစ်သည်။ ဝါခေါင်လပြည့်နေ့တွင် စာရေးတံမဲအလှူပွဲကို ဘုရားရှင်ခွင့်ပြုခဲ့၍ မြန်မာတို့က စာရေးတံမဲလှူဒါန်းပြီး သံဃာတော်အရှင်သူမြတ်များက မေတ္တာဘာဝနာများ ပွားများပေးကြပါသည်။

ဝိနည်း၌ ဘတ်ခုနစ်မျိုးကို ဘုရားရှင်ခွင့်ပြုတော်မူခဲ့သည်။

(၁) **သံဃဘတ်** – သံဃာအားလုံးအတွက် လှူဒါန်းသော ဆွမ်း၊
(၂) **ဥဒ္ဒေသဘတ်** – တစ်ပါး၊ နှစ်ပါး စသည် ရည်ညွှန်း၍ လှူဒါန်းသော ဆွမ်း၊
(၃) **နိမန္တနဘတ်** – ပင့်ဖိတ်၍ လှူဒါန်းသော ဆွမ်း၊
(၄) **သလာကဘတ်** – စာရေးတံမဲချ၍ လှူဒါန်းသော ဆွမ်း၊
(၅) **ပက္ခိကဘတ်** – လဆန်းပက္ခ၊ လဆုတ်ပက္ခ၌ လှူဒါန်းသောဆွမ်း၊
(၆) **ဥပေါသထိကဘတ်**–ဥပုသ်နေ့၌ လှူဒါန်းသော ဆွမ်း၊
(၇) **ပါဋိပတိကဘတ်** – ဥပုသ်ကျော်တက် အတွက် ၁ရက်နေ့၌ လှူဒါန်းသော ဆွမ်း

ဟူသော ဆွမ်းများကို ခွင့်ပြုတော်မူသည်။

"ဝါဆို ဝါခေါင် ရေဖောင်ဖောင်" ဆိုစကားနှင့်အညီ ဝါခေါင်လသည် မိုးဖြိုင်ဖြိုင်ကျသောလဖြစ်သည်။ လယ်ယာလုပ်ငန်းခွင်၌ ကောက်စိုက်ကြပြီဖြစ်သည်။ လယ်မြေအနံ့တွင် စိမ်းသန့်သော ကောက်ပင်ပျိုများကို စိုစိုလန်းလန်းမြင်တွေ့နိုင်သည်။ မြန်မာ့မြေတွင် မြကမ္ဗလာခင်းလေပြီ။

ဝါခေါင်လ၌ စာရေးတံအလှူပွဲပြုလုပ်ကြသည်။ စာရေးတံအလှူဆိုသည်မှာ တုတ်တံတွင် စာရေးထားပြီး ယင်းကို မဲချသည်။ ကျရာစာရေးတံကို ရယူ၍ စာရေးတံတွင် အမည်ရေးသားထားသည့် ရဟန်းတော်အား လှူရသောအလှူဖြစ်သည်။ အလှူမှာ ဆွမ်း၊ ယာဂု စသည်တို့ကို ကပ်လှူရခြင်းဖြစ်သည်။

ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့ဟူ၍ သတ်မှတ်ခဲ့ခြင်းနှင့်ပတ်သက်၍ တင်ပြလိုပါသည်။ ဂေါတမမြတ်စွာဘုရား လက်ထက်တော်အခါက ရဟန်းတော်ငါးရာတို့သည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းတရားကို နာယူ၍ တောအုပ်တစ်ခုတွင် ဝါဆိုဝါကပ် ပြုတော်မူကြပါသည်။ ရဟန်းတော်များ၏ သီလတန်ခိုးကြောင့် နေရာဖယ်ပေးကြရသည့် နတ်အချို့က အမျိုးမျိုးခြောက်လှန့်ကြသည်။ ရဟန်းတော်များသည် တရားကိုဖြောင့်အောင် အားမထုတ်နိုင်ကြသဖြင့် မြတ်စွာဘုရားရှိရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်ခဲ့ကြရသည်။ မြတ်စွာဘုရားက မေတ္တာကိုဆောင်ပြီး တောအုပ်သို့ ပြန်သွားကြရန် တိုက်တွန်းကာ မေတ္တာသုတ်ဒေသနာကို ဟောကြားလိုက်ပါသည်။ ရဟန်းတော်တို့၏ ထိုမေတ္တာဓာတ်ကြောင့် နတ်များက ချစ်ခင်လာကြသဖြင့် ငြိမ်းချမ်းစွာ တရားအားထုတ်နိုင်ခဲ့ကြပါသည်။ ရဟန်းငါးရာတို့သည် ထိုတောအုပ်မှာပင် ဝါခေါင်လအတွင်း ဒုတိယ ဝါကပ်တော်မူကြပြီး မေတ္တာတရားပွားများ၍ ဝိပဿနာတရားကို ဆက်လက်အားထုတ်ကြရာ ဝါမကျွတ်မီအားလုံး ရဟန္တာများ ဖြစ်တော်မူခဲ့ကြပါသည်။

ထိုရဟန်းတော်ငါးရာကို အကြောင်းပြု၍ မေတ္တာသုတ်ကို ဝါတွင်းကာလ၌ ဟောတော်မူခြင်း၊ ရဟန်းတော်ငါးရာတို့ တောအုပ်သို့ပြန်၍ ဝါခေါင်လ၌ ပစ္ဆိမဝါကပ်တော်မူခြင်း ဟူသော အကြောင်းများကို ထောက်၍ ဝါခေါင်လပြည့်နေ့ကို **"မေတ္တာအခါတော်နေ့"**အဖြစ် သတ်မှတ်ကျင်းပခဲ့ပါသည်။

မြန်မာတို့သည် ဝါတွင်းသုံးလပတ်လုံး လှူရေး၊ တန်းရေး၊ ဥပုသ်သီတင်းဆောက်တည်ရေး၊ ဒုစရိုက်မှုနည်းနိုင်သမျှနည်းအောင် ရှောင်ရှားရေး၊ သုစရိုက်မှုကို များနိုင်သမျှများရေးတို့ကို အထူးအာရုံစိုက်၍ ကျင့်ကြံအားထုတ်ကြသည်။ နေ့ကြီးရက်ကြီးများတွင် မေတ္တာဘာဝနာကမ္မဋ္ဌာန်းများ စီးဖြန်း၍ မေတ္တာသုတ်ကို ရွတ်ဖတ်ပူဇော်ကြသည်။ ဝါခေါင်လပြည့်နေ့တွင် မေတ္တာအခါတော်နေ့ကို တစ်နိုင်ငံလုံး၌ ကျင်းပကြသည်။ မေတ္တာစိတ်၊ မေတ္တာသံများ ဒေသအနှံ့ ပျံ့လွင့်နေကြသည်။

သို့ဖြစ်ရာ ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့တွင် **မေတ္တာလွှမ်းခြုံ ဤလူ့ဘုံ** ဟုပင် ဆိုရတော့မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ လသာမြို့နယ် စဥ့်အိုးတန်းလမ်းနေ ရဲကျော်စွာအောင်လှ၊ ဒေါ်ထွေးကြည်၊ သမီး၊ မသီသီအောင်၊ သား၊ မောင်ဉာဏ်လင်းအောင် မိသားစုက ငွေကျပ်နှစ်သိန်းကို ဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဒေါ်သိန်းတင်လမ်းနေ ဒေါ်ခင်သန်းမြင့်မိသားစုက အလှူငွေကျပ် တစ်သိန်းတစ်သောင်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ လုပ်ငန်းစစ်ခေါင်းဆောင် ဒေါ်သန်းချိုက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

လယ်တီစံရိပ်သာ လစဉ် ၁၀ရက် တရားစခန်း

ရန်ကုန် ဩဂုတ် ၁၆

ပုဇွန်တောင်မြို့နယ် မဟာညောင်ကုန်းကျောင်းတိုက် မဟာစည်ဩဝါဒခံ လယ်တီစံ သာသနာ့ရိပ်သာတွင် လစဉ် ၁၀ရက်တရားစခန်းပွဲကို ဩဂုတ် ၂၁ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ရာ မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မဟာစည်လယ်တီစံ ဆရာတော်များက မဟာသတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်မည့် ယောဂီများနှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချို လှူဒါန်းလိုသူ အလှူရှင်များသည် ဩဂုတ် ၂၀ ရက် ညနေ ၄ နာရီအရောက် ကြွရောက်ပါရန်နှင့် ရိပ်သာ ဖုန်း–၂၀၁၆၃၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ဩဂုတ် ၁၂ရက်က သာကေတမြို့နယ် မလွန်ဆန်လှူသင်းထောက်အဖွဲ့ဥက္ကဋ္ဌ ဦးရွှေနှင့် အမှုဆောင်များ(၁၀၉)နှစ်မြောက် မန္တလေး မလွန်ဆန်လှူအသင်းကြီး၏ အောက်မြန်မာပြည် ရန်ကုန်ဌာနခွဲ တာဝန်ခံ ဦးဝင်းဆွေထံ အလှူတော်ငွေကျပ် ငါးသိန်းနှင့် ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်းရှိ တိပိဋကကျောင်းဆောင်သစ်ကြီး ဆောက်လုပ်ရန်အတွက် အရစ်ကျ အလှူငွေကျပ် ငါးသောင်းကို ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မိုးကောင်းကျောင်းတိုက် ဝါတွင်းတရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၁၆

ရန်ကင်းမြို့နယ် အမှတ်(၁၄)ရပ်ကွက် မိုးကောင်းကျောင်းတိုက်အတွင်းတွင် ဝါတွင်းတရားစခန်းပွဲကို ဩဂုတ် ၂၁ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အရှင်ဉာဏောဘာသ (မွှောစရိယ) မြောက်ဥက္ကလာပ သဇင်ရေကျော်ဆရာတော်က ဟောကြားပြသမည်ဖြစ်ပြီး ယောဂီများ ဩဂုတ် ၂၀ရက် ညနေအရောက် လာရောက်ကြရမည်ဖြစ်သည်။ (က–ပ)

ယခုအခါ တာဝန်ရှိသူအဆင့်ဆင့်နှင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ထီးလင်းမြို့သို့ ဆက်သွယ်သည့်ကားလမ်းများ တိုးတက်ကောင်းမွန်ကာ မပင်မပန်း သွားလာနိုင်ပြီ

✧ **ကျောဖုံးမှ**

ဆက်လက်၍ ပခုက္ကူမြို့ စိမ်းလန်းသာယာစိုပြည်မှုကို ဆုကြီးပန်တောင်ပေါ်မှ ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ခုတင် ၂၀၀ ဆံ့ ပခုက္ကူမြို့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးဦးဌေး၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုဆရာမကြီးများက ကြိုဆိုကြသည်။

ထို့နောက် လူနာဆောင်များ၊ ဓာတ်မှန်ဌာန၊ ခွဲစိတ်ခန်း(၁)၊ ခွဲစိတ်ကုသဆောင်၊ အထူးကြပ်မတ်ကုသဆောင်၊ သံဃာဆေးကုသဆောင်တို့ကို ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ထီးလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ မြို့နယ်မှဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အသင်းအလုပ်အမှုဆောင်များ၊ အသင်းဝင်များအား တွေ့ဆုံ မှာကြားနှုတ်ဆက်သည်။

ယင်းနောက် ထီးလင်းမြို့၌ ဖွင့်လှစ်ထားသည့် အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ ဝင်းသူဇာအရောင်းဆိုင်ကို ကြည့်ရှုစစ်ဆေးကြသည်။

နံနက် ၁၀နာရီခွဲတွင် ထီးလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြလှိုင်က ထီးလင်းမြို့နယ် အနေဖြင့် ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ဆန်ဖူလုံမှု ရာခိုင်နှုန်း ၁၆၀ကျော်၊ ဆီဖူလုံမှု ရာခိုင်နှုန်း ၆၀၀ကျော် ရရှိမည်ဟု မျှော်မှန်းထားပါကြောင်း၊ လူတစ်ဦးချင်း ပျမ်းမျှဝင်ငွေ အနေဖြင့်လည်း ငွေကျပ်နှစ်သိန်းလေးသောင်းကျော်ရှိပါကြောင်း၊ ယခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ခုတင် ၂၀၀ ဆံ့ ပခုက္ကူမြို့ အထွေထွေရောဂါကု ဆေးရုံကြီးရှိ အထူးကြပ်မတ် ကုသဆောင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆရာဝန်ကြီးများက လှည့်လည်ရှင်းလင်းပြသကြရာ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ထီးလင်းမြို့

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက် ၉နာရီ ၄၅မိနစ်တွင် ပခုက္ကူမြို့မှ ထီးလင်းမြို့သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြသည်။

ရှေးဦးစွာ ၁၆ ခုတင်ဆံ့ ထီးလင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး လူနာဆောင်များ၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းကြည်က လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်ပြီး

☆ **ထီးလင်းမြို့နယ် အနေဖြင့် ၂၀၀၅ – ၂၀၀၆ ခုနှစ်တွင် ဆန်ဖူလုံမှု ရာခိုင်နှုန်း ၁၆၀ကျော်၊ ဆီဖူလုံမှု ရာခိုင်နှုန်း ၆၀၀ကျော် ရရှိမည်ဟု မျှော်မှန်းထား။**

☆ **လူတစ်ဦးချင်း ပျမ်းမျှ ဝင်ငွေအနေဖြင့်လည်း ငွေကျပ်နှစ်သိန်းလေးသောင်းကျော်ရှိ။**

☆ **ယခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ၄၀ ဒသမ ၁၇ရာခိုင်နှုန်း အောင်မြင်ခဲ့။**

☆ **မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၉၃ ရွာအနက် ၈၄ ရွာမှာ သန့်ရှင်းသော သောက်သုံးရေရရှိပြီးဖြစ်။**

နိုင်ငံတော်အကြီးအကဲက လျှပ်စစ် တစ်နှစ်ပတ်လုံး သီးနှံမျိုးစုံ

စာမျက်နှာ ၇ မှ ❍

၄၀ ဒသမ ၁၇ရာခိုင်နှုန်း အောင်မြင်ခဲ့ပါကြောင်း၊ မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၉၃ရွာအနက် ၈၄ရွာမှာ သန့်ရှင်းသော သောက်သုံးရေ ရရှိပြီးဖြစ်ပါကြောင်းနှင့် မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများကို ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဌေးနှင့် ဒေသခံများက ကျေးလက်ဒေသ မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကိုလည်းကောင်း၊ ထီးလင်းမြို့၌ တယ်လီဖုန်း ဆက်သွယ်မှုစနစ် ကောင်းမွန်ရေးကိုလည်းကောင်း တင်ပြကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ထီးလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးမှာကြားရာတွင် ထီးလင်းမြို့သို့ မရောက်သည်မှာ ကြာခဲ့ပြီဖြစ်ကြောင်း၊ ယခင်က ထီးလင်းမြို့သို့ဆက်သွယ်သည့် ကားလမ်းများမကောင်းသဖြင့် မြို့သို့ ပင်ပင်ပန်းပန်းဖြင့် ခရီးပေါက်အောင် သွားလာခဲ့ရကြောင်း။

ယခုအခါ တာဝန်ရှိသူအဆင့်ဆင့်နှင့် ပြည်သူများ၏ ပူးပေါင်း ဆောင်ရွက်မှုများကြောင့် ထီးလင်းမြို့သို့ ဆက်သွယ်သည့် ကားလမ်းများ တိုးတက်ကောင်းမွန်လာကာ လွယ်လွယ်ကူကူ မပင်မပန်း သွားလာနိုင်ပြီဖြစ်ကြောင်း သိရသဖြင့် ဝမ်းသာရပါကြောင်း။

အေးချမ်းရောင့်ရဲ

ဤဒေသရှိ ပြည်သူများသည် အေးချမ်းရောင့်ရဲစွာ နေတတ်သည့် သဘာဝရှိသူများဖြစ်ကြောင်း၊ သို့ရာတွင် ရေမြေအခြေအနေအရ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းသည့် ဒေသဖြစ်၍ လမ်းပန်းဆက်သွယ်မှု ယခုထက် ကောင်းမွန်လာသည်နှင့်အမျှ ပိုမိုတိုးတက်ဖွံ့ဖြိုးမှာဖြစ်ကြောင်း၊ မြို့နယ်၏ လိုအပ်ချက်များကိုလည်း အဆင့်အလိုက် မိမိတို့ ဆက်လက်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်းဖြင့် မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ်ရှိ အင်းတော လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြရာ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အင်းတောမြစ်ရေတင်

ယင်းနောက် ရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အင်းတော လျှပ်စစ်မြစ်ရေတင် စီမံကိန်းလုပ်ငန်းများ ပြီးစီးမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေငြိမ်ကန်နှင့်
ချင်းတွင်းမြစ်အနေအထားနှင့် ချင်းတွင်း
ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချ
ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ
ရေး၊ စိုက်ပျိုးမွေးမြူရေးကိစ္စများကို

အင်းတော လျှပ်စစ်မြစ်ရေတင်
အင်းတောကျေးရွာအနီး တည်ဆောက်

အင်းတောကျေးရွာနှင့် ပတ်ဝန်း
ရေရှားပြီး မိုးရေကိုသာ အဓိကအားထာ

လမ်းညွှန်

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ
ကို ဤဒေသ၌ အကောင်အထည်ဖော်
စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးရန်

ဧက ၁၀၀

စီမံကိန်းအရ ဧက ၁၀၀၀၀ကို စိုက်
၂၀၀၄-၂၀၀၅ခုနှစ်မှစ၍ နွေစပါးဧက
နိုင်ခဲ့ပြီး ၂၀၀၅-၂၀၀၆ခုနှစ်တွင် နွေစပ
မိုးစပါးဧက ၃၆၀၀ကို ဆက်လက်စို



ထီးလင်းဒေသရှိ ပြည်သူများသည် အေးချမ်းရောင့်ရဲစွာ နေတတ်သည့် သဘာဝရှိသူများဖြစ်၊

သို့ရာတွင် ရေမြေအခြေအနေအရ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းသည့်ဒေသဖြစ်၍လမ်းပန်းဆက်သွယ်မှု ယခုထက် ကောင်းမွန်လာသည်နှင့်အမျှ ပိုမိုတိုးတက်ဖွံ့ဖြိုးမှာဖြစ်၊

မြို့နယ်၏ လိုအပ်ချက်များကိုလည်း အဆင့်အလိုက် မိမိတို့ ဆက်လက်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မုံရွာမြို့ အိုးဘိုတောင် ရေထိန်းတံခါး တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေနှင့် တာဝန်ရှိသူများက အင်းတော လျှပ်စစ်မြစ်ရေတင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ အကျိုးပြုမည့် ဧကများနှင့် လက်ရှိ သီးနှံစိုက်ပျိုးဖြစ်ထွန်းနေမှုများကို ရှင်းလင်း တင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဘုတလင်မြို့နယ်၏ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ထွန်းမှုများကို ရှင်းလင်းတင်ပြသည်။

အပြည့်အဝစိုက်ပျိုး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က အင်းတော လျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင် ပါဝင်သည့် စိုက်ဧကများ အမြန်ဆုံး အပြည့်အဝရေရရှိပြီး စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် လျှပ်စစ်ဓာတ်အားထိန်း Control Panel အဆောက်အအုံနှင့် စက်များကို ကြည့်ရှုစစ်ဆေးကြသည်။

...ကဲက လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို အင်းတောဒေသ၌ အကောင်အထည်ဖော်၍ ...း သီးနှံမျိုးစုံ စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးရန် လမ်းညွှန်ခဲ့

ဆက်လက်၍ ရေငြိမ်ကန်နှင့် ပင်မမြောင်းမှ ရေပေးနေမှုများ၊ ချင်းတွင်းမြစ်အနေအထားနှင့် ချင်းတွင်းမြစ်မှ ရေတင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးကိစ္စများကို မေးမြန်းမှာကြားသည်။

အင်းတော လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ဘုတလင်မြို့နယ် အင်းတောကျေးရွာအနီး တည်ဆောက်ထားခြင်းဖြစ်သည်။

အင်းတောကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများသည် မိုးခေါင်ရေရှားပြီး မိုးရေကိုသာ အဓိကအားထားနေရသည့် ဒေသများဖြစ်သည်။

လမ်းညွှန်ခဲ့

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ဤဒေသ၌ အကောင်အထည်ဖော်၍ တစ်နှစ်ပတ်လုံး သီးနှံမျိုးစုံ စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးရန် လမ်းညွှန်ခဲ့ခြင်းဖြစ်သည်။

ဧက ၁၀၀၀၀

စီမံကိန်းအရ ဧက ၁၀၀၀၀ကို စိုက်ပျိုးရေပေးဝေသွားမည်ဖြစ်သည်။ ၂၀၀၄-၂၀၀၅ခုနှစ်မှစ၍ နွေစပါးဧက ၂၅၀၊ မိုးစပါးဧက ၃၀၀ စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၅-၂၀၀၆ခုနှစ်တွင် နွေစပါးဧက ၁၀၀ စိုက်ပျိုးနိုင်ခဲ့သည်။ မိုးစပါးဧက ၃၆၀၀ကို ဆက်လက်စိုက်ပျိုးနိုင်ရန် စီစဉ်လျက်ရှိပြီး ဧက ၁၀၀၀၀ လုံး အပြည့်အဝ အမြန်ဆုံး စိုက်ပျိုးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်းတော လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ မုံရွာမြို့သို့ ရောက်ရှိကြရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရွှေတောင်ဦးစေတီ

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် ချင်းတွင်းတံတား(မုံရွာ)အနီး ယင်းမာပင်မြို့နယ်ရှိ သမိုင်းဝင် ရွှေတောင်ဦးစေတီတော်သို့ သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ထို့နောက် စေတီတော်အနီးရှိ တိပိဋက ဓမ္မပါလ မဟာဝိဟာရသို့ သွားရောက်ကြပြီး ဓမ္မဝိနယ ဓမ္မာရုံရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဝိဇ္ဇာမဂ္ဂဒီပနီ(စာကြည့်တိုက်)၌ စာအုပ်စာစောင်များ၊ စီဒီများ စုဆောင်းထားရှိမှုတို့ကို ကြည့်ရှုကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❈

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အင်းတော လျှပ်စစ်မြစ်ရေတင်စီမံကိန်း လျှပ်စစ်ဓာတ်အားထိန်း (ControlPanel) အဆောက်အအုံနှင့် စက်များကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

- ☆ **အင်းတော လျှပ်စစ်မြစ်ရေတင် စီမံကိန်းကို ဘုတလင်မြို့နယ် အင်းတောကျေးရွာအနီး တည်ဆောက်ထားခြင်းဖြစ်၊**
- ☆ **စီမံကိန်းအရ ဧက ၁၀၀၀၀ကိုစိုက်ပျိုးရေပေးဝေသွားမည်ဖြစ်၊**
- ☆ **၂၀၀၄-၂၀၀၅ခုနှစ်မှစ၍ နွေစပါးဧက ၂၅၀၊ မိုးစပါးဧက ၃၀၀ စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၅-၂၀၀၆ခုနှစ်တွင် နွေစပါးဧက ၁၀၀ စိုက်ပျိုးနိုင်ခဲ့၊**
- ☆ **မိုးစပါးဧက ၃၆၀၀ ကိုဆက်လက်စိုက်ပျိုးနိုင်ရန် စီစဉ်လျက်ရှိပြီး ဧက ၁၀၀၀၀ လုံး အပြည့်အဝ အမြန်ဆုံး စိုက်ပျိုးနိုင်ရေး အတွက် စီစဉ်ဆောင်ရွက်လျက်ရှိ။**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၈-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	"ဖွားချို"(စံရှားတင်၊ ဝါးခယ်မရဲမောင်)
၇း၂၀	တေးဂီတအစီအစဉ်
၇း၃၅	ပြည်တွင်းသတင်းအကျဉ်း
၇း၄၀	မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော် ချစ်ကြည်ရေး ဘော်လီဘောပြိုင်ပွဲ
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	မေးကြည့်ဖြေကြည့်ပဟေဠိ
၉း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	Learning English(Cars)
၉း၃၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅	မိုးလေဝသခန့်မှန်းချက်
၉း၄၀	မြေလွှာကိုဖွင့် ပြည်ကိုမြင့်အံ့ အပိုင်း(၁)
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	ဂီတလွင်ပြင်(မန္တလေး သိန်းဇော်၊ သက်မွန်မြင့်)
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	သူပေးတဲ့ဝေဒနာ (ရီဝေယံ၊ ဥမ္မာထွန်း)
၁၀း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းပြိုင်ပွဲ
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ (၄)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	၁၀း၀၀
အစီအစဉ်	Sunderland-Charlton
လိုင်း	5-Cartoons(Delay)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းအား စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ်ရှိ အင်းတော လျှပ်စစ်မြစ်ရေတင် စီမံကိန်း၌ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဘုတလင်မြို့နယ် စိုက်ပျိုးရေး လုပ်ငန်း ဖြစ်ထွန်းမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

❀ စာမျက်နှာ ၉ မှ

မုံရွာခရိုင်အတွင်းမှ တိပိဋကဓရအရှင်မြတ်များ ပေါ်ထွန်းစိမ့်သောငှာ ပိဋကတ်တော်များနှင့် ပစ္စည်းလေးပါးကို ပြည့်စုံစွာ ထောက်ပံ့ဖြည့်ဆည်းပေးနိုင်ရေးအတွက် တိပိဋက ဓမ္မပါလ မဟာဝိဟာရကို တည်ဆောက်လှူဒါန်းထားခြင်းဖြစ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မုံရွာမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ယင်းမာပင်မြို့နယ်ရှိ သမိုင်းဝင် ရွှေတောင်ဦးစေတီတော်အား ဖူးမြော်ကြည်ညိုပြီး စေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လှည့်လည်စစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဩဂုတ် ၁၅ရက် နံနက် ၇နာရီခွဲတွင် မုံရွာမြို့ ချင်းတွင်းမြစ်ကမ်းနားတစ်လျှောက် တာပတ်ထားမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ချင်းတွင်းမြစ်အခြေအနေနှင့် ၅ပေ၊ ၆ပေအကျယ်ရှိ တံခါး ၁၀ပေါက်ပါ အိုးဘိုတောင်ရေထိန်းတံခါး တည်ဆောက်ပြီးစီးမှုကို ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ မုံရွာမြို့ ကန်သာယာပတ်လမ်း ဖောက်လုပ်ပြီးစီးမှုကိုလည်းကောင်း၊ ပြည်ထောင်စုလမ်း၌ တည်ဆောက်လျက်ရှိသည့် အရှည်ပေ ၃၀၊ အကျယ် ၅၈ပေရှိ ကန်သာယာတံတားကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ပညာရှာမှီးလိုသူများ၊ သုတေသီများအတွက် ရွှေဟောင်းမြန်မာစာပေရေးရာဌာနကို တည်ထောင်ဖွင့်လှစ်ထားခြင်းဖြစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မုံရွာမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းအနီး ဒေါနခြံရပ်၌ တည်ဆောက်ထားသည့် ပညာရေးဝန်ကြီးဌာန အမျိုးသား လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန၏ ရွှေဟောင်းမြန်မာစာပေရေးရာဌာနရှိ မြန်မာမှုပြခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရွှေဟောင်းမြန်မာစာပေရေးရာဌာန

ထို့နောက် မုံရွာမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းအနီး ဒေါနခြံရပ်၌ တည်ဆောက်ထားသည့် ပညာရေးဝန်ကြီးဌာန အမျိုးသား လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန၏ ရွှေဟောင်းမြန်မာစာပေရေးရာဌာနသို့ ရောက်ရှိကြရာ မုံရွာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမောင်ထူးနှင့် ပါမောက္ခများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ရွှေဟောင်းမြန်မာစာပေရေးရာဌာနရှိ မြန်မာမှုပြခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ e-Education Resource Centre ၌ ကျောင်းသား၊ ကျောင်းသူများ ကွန်ပျူတာ ၂၅လုံးဖြင့် သက်ဆိုင်ရာ ဘာသာရပ်အသီးသီး လေ့လာဆည်းပူးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ် ဒေါက်တာမောင်ထူးက ရွှေဟောင်းမြန်မာစာပေရေးရာဌာနကို ၂၀၀၄ ခုနှစ် ဇူလိုင် ၁၅ရက်တွင် စတင်ဖွင့်လှစ်ခဲ့မှုနှင့် ဌာနဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ဌာနတွင် မြန်မာမှုပြခန်း၊ ကျောက်စာပြခန်း၊ e-Library အခန်း၊ ပေပုရပိုက် ပြုပြင်ထိန်းသိမ်းရေးအခန်း၊ စာအုပ်ပြခန်း၊ ရည်ညွှန်းစာဖတ်ခန်း၊ e-Education Resource Centre၊ ပေပုရပိုက်ပြခန်းတို့ဖြင့် ဖွဲ့စည်းထားမှုများ၊ ဌာနသို့ အဖွဲ့ဝင်အဖြစ် လျှောက်ထားနိုင်မှုများ၊ ဘာသာပြန်သင်တန်းဖွင့်လှစ်လျက်ရှိပြီး စာကြည့်တိုက် ပညာသင်တန်း၊ ရသစာပေသင်တန်းများ ဖွင့်လှစ်ရန် စီစဉ်ထားမှုများကို ရှင်းလင်းတင်ပြသည်။

အားပေးမှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ် သည်များကို အားပေးမှာကြားပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ် ရေးထိုးသည်။

ထို့နောက် ကျောက်စာပြခန်း၊ ပေပုရပိုက်ပြခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ပညာရှာမှီးလိုသူများ၊ သုတေသီများအတွက် ရွှေဟောင်းမြန်မာစာပေရေးရာဌာနကို တည်ထောင်ဖွင့်လှစ်ထားခြင်းဖြစ်သည်။

တွေ့ဆုံမှာကြား

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီးဇော်မင်း၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ဗိုလ်ချုပ်အောင်မင်းတို့သည် စစ်ကိုင်းတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဌေးအောင်နှင့် အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊ အသင်းဝင်များအား ဩဂုတ် ၁၄ရက် ညပိုင်းတွင် မုံရွာမြို့ တိုင်းအသင်းရုံး၌ တွေ့ဆုံပြီး အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦးက စည်းရုံးရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို ရှင်းလင်းမှာကြားသည်။

အလားတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ဩဂုတ် ၁၄ရက် ညနေပိုင်းတွင် မုံရွာမြို့ အထွေထွေရောဂါကုဆေးရုံကြီးနှင့် သူနာပြုနှင့် သားဖွားမီးယပ်သင်တန်းကျောင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။ (သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၅ခုနှစ်၊ ဩဂုတ်လ (၉)ရက်နေ့အထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၂၅၁၅၉)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

နိုင်ငံခြားဘာသာစကားပြော သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၆

သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် အခြေခံနှင့် အဆင့်မြင့် နိုင်ငံခြားဘာသာစကားပြော အချိန်ပိုင်းသင်တန်းကို အင်္ဂလိပ်ဘာသာ၊ ပြင်သစ်ဘာသာနှင့် ဂျာမန်ဘာသာတို့ဖြင့် စက်တင်ဘာ ၂ရက်မှ ဒီဇင်ဘာလကုန်အထိ တစ်ပတ်လျှင် သုံးရက် ညနေ ၄နာရီခွဲမှ ညနေ ၆နာရီခွဲအထိ ပို့ချမည်ဖြစ်ရာ သင်တန်း တက်ရောက်လိုသူများသည် မော်ကွန်းထိန်းရုံး ဖုန်း–၆၅၀၇၁၂ သို့ ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

လပွတ္တာ–မြောင်းမြ–အိမ်မဲ–ကျောင်းကုန်း လမ်းပေါ်ရှိ မရမ်းငူတံတား ဖွင့်ပွဲကျင်းပ

တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်း တက်ရောက်ဖွင့်လှစ်

မရမ်းငူတံတား

ဧရာဝတီတိုင်း မြောင်းမြခရိုင် အိမ်မဲမြို့နယ်ရှိ မရမ်းငူတံတားကို တွေ့ရစဉ်။

(ဆောက်လုပ်ရေး)

ရန်ကုန် ဩဂုတ် ၁၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဧရာဝတီတိုင်း မြောင်းမြခရိုင်က တာဝန်ယူတည်ဆောက်ပြီးခဲ့သော အိမ်မဲမြို့နယ် လပွတ္တာ–မြောင်းမြ–အိမ်မဲ–ကျောင်းကုန်းလမ်း မိုင်တိုင်(၇၀/၀)ရှိ အိမ်မဲချောင်းကို ဖြတ်သန်း၍ တည်ဆောက်ပြီးစီးခဲ့သည့် မရမ်းငူတံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တံတားဖွင့်ပွဲမင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာတီးဝိုင်းအဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ ကရင်ရိုးရာအကအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အမှာစကားပြောကြားရာတွင် ယခင်က မြန်မာနိုင်ငံတွင် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်နှင့် ဒုဋ္ဌဝတီစသည့် မြစ်ကြီးများအပြင် ထိုဒေသတွင်ရှိသည့် မြစ်ချောင်းများက ကုန်းလမ်းပို့ဆောင်ရေး၌ အဓိကအတားအဆီးများဖြစ်ခဲ့သည်ကို တွေ့ရကြောင်း၊ ယခုဆိုလျှင် ထိုမြစ်ကြီးများအားလုံးပေါ်မှာ တံတားတွေနှင့် ပြည့်နေပြီဆိုတာကို တွေ့ရမည်ဖြစ်ကြောင်း။

ဧရာဝတီတိုင်းရှိ မြစ်ချောင်းများသည် ကွန်ရက်သဖွယ် ယှက်နွယ်နေကြောင်း၊ ရေလမ်းကိုသာ အားထားသွားလာအသုံးပြုခဲ့၍ အချိန်ကြန့်ကြာမှုကြောင့် စီးပွားရေး၊ ပညာရေး၊ လူမှုရေးနောက်ကျခဲ့ပြီး ခေတ်နှင့်အတူ မလိုက်နိုင်ခဲ့ကြောင်း၊ မြစ်ချောင်းတွေ ကွန်ရက်ဖြစ်နေသလို တံတားတွေလည်း ကွန်ရက်တွေလို ဆောက်လုပ်ထားပြီးဖြစ်ကြောင်း၊ လမ်းတွေကလည်း လက်ယှက်ထိုးသလို ဖောက်လုပ်ထားတာမို့ ဧရာဝတီတိုင်းတွင် ၁၉၈၈ခုနှစ်က လမ်းမိုင် ၄၄၀သာ ရှိခဲ့သော်လည်း ယခုဆိုလျှင် ၁၃၃၂ဒသမ၂မိုင် ရှိနေပြီဖြစ်ကြောင်း၊ မိုင်အားဖြင့် ၈၉၂ ဒသမ ၂ မိုင် တိုးတက်တည်ဆောက်ပေးပြီးဖြစ်ကြောင်း၊ ပြည်နယ်၊ တိုင်းအားလုံးထဲတွင် လမ်းနှင့် တံတားအများဆုံး တည်ဆောက်ပေးခဲ့ရသည့် တိုင်းသည် ဧရာဝတီတိုင်းပင်ဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

လာမည့်နှစ်သည် လမ်းနှစ်ရောက်လာပြီး တည်ဆောက်ပြီးစီးခဲ့သည့် လမ်းများကို အဆင့်မြှင့်ပေးသွားရန် ငါးနှစ်စီမံကိန်းချထားပြီးဖြစ်ကြောင်း။

အဆင်ပြေတိုးတက်

ယနေ့ဖွင့်လှစ်သည့် မရမ်းငူတံတားသည် ဧရာဝတီတိုင်း မြောင်းမြခရိုင် အိမ်မဲမြို့နယ် လပွတ္တာ–မြောင်းမြ–အိမ်မဲလမ်း မိုင်တိုင် ၇၁/၀မှာ မရမ်းငူချောင်းကို ဖြတ်ပြီး တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ မြို့နယ်ခြောက်မြို့နယ်က ရပ်ကွက် ၅၃ခု၊ ကျေးရွာ ၂၇၄၂ရွာက ပြည်သူ ၁၆သိန်းခန့်အတွက် ဆန်စပါး၊ ဂုန်လျှော်၊ ရေထွက်ပစ္စည်း စသည့် ထွက်ကုန်များကို ယခင်ကထက်ပိုပြီး အဆင်ပြေပြေ ယာဉ်ပြောင်းယာဉ်လွှဲလုပ်စရာမလိုဘဲ သယ်ပို့ရောင်းဝယ်နိုင်တော့မည်ဖြစ်၍ စီးပွားရေးတွင် အကျိုးပြုလာမည် ဖြစ်သကဲ့သို့ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများတွင်လည်း အဆင်ပြေတိုးတက်လာတော့မည်ဖြစ်ကြောင်း။

ယခုလို နိုင်ငံတော်က လမ်း၊ တံတားများကို တည်ဆောက်ပေးနေခြင်းသည် နိုင်ငံအနှံ့မှာရှိသည့် တိုင်းရင်းသား ပြည်သူအားလုံးအတွက် ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်အောင်ဖြစ်ကြောင်း၊ ထို့ကြောင့် လမ်း၊ တံတားများကို အသုံးပြုပြီး သက်ဆိုင်ရာဒေသနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ကြပါ၊ ရေရှည်တည်တံ့ခိုင်မာအောင် ဝိုင်းဝန်းကြိုးပမ်းသွားကြပါဟု တိုက်တွန်းပြောကြားသည်။

ဂုဏ်ပြုအမှာစကား

ဆက်လက်၍ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က တံတားတည်ဆောက်ပြီးစီးဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ကျေးဇူးတင် ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ဧရာဝတီတိုင်းသည် မြစ်ဝကျွန်းပေါ်ဒေသတစ်ခုဖြစ်ပြီး မြစ်ချောင်းအင်းအိုင် ပေါများသည့်အတွက် ယခင်က တစ်နေရာမှတစ်နေရာသို့ သွားလာရာတွင် ရေလမ်းခရီးဖြင့် လှေသင်္ဘောတို့ကိုသာ အားထားသွားလာနေရ၍ အချိန်ကြာမြင့်ခဲ့ရကြောင်း၊ ယခု နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် မြစ်ချောင်းအင်းအိုင်ပေါများသည့် ဧရာဝတီတိုင်းကို

မော်တော်ကားလမ်းတွေဖောက်၊ မြစ်ကူးတံတားကြီးများကို တစ်စင်းပြီး တစ်စင်း တည်ဆောက်ပေးခဲ့သည့်အတွက် ခရီးသွားပြည်သူများအနေနှင့် အချိန်တိုတို အတွင်းမှာ ကုန်းလမ်းခရီးနှင့် သွားလာနိုင်ခဲ့ပြီဖြစ်ကြောင်း။

ယနေ့အထိ ဧရာဝတီတိုင်းအတွင်း ကုန်းလမ်းခရီး မော်တော်ကားလမ်း အနေဖြင့် ကတ္တရာလမ်း ၄၂၂ မိုင်၊ ၃ ဖာလုံခွဲ၊ ကျောက်ခင်းလမ်း ၆၃၈ မိုင်၊ ၆ ဖာလုံ၊ မြေသားလမ်း ၂၂၀ မိုင် တစ်ဖာလုံခွဲ၊ စုစုပေါင်း ၁၂၈၁ မိုင် သုံးဖာလုံ အထိ တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း။

ဧရာဝတီတိုင်းသည် ရပ်ရွာအေးချမ်းတည်ငြိမ်ပြီး လမ်းပန်းဆက်သွယ်မှု တိုးတက် ကောင်းမွန်လာသည်နှင့်အမျှ ရေခံ၊ မြေခံ အခြေခံကောင်းများရှိသော ဒေသဖြစ်သည့်အတွက် အချိန်တိုကာလအတွင်း ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများရှိနေကြောင်း၊ နိုင်ငံတော်အတွက် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုများအပြင် သားငါးမွေးမြူ ထုတ်လုပ်မှုများတွင်လည်း အားကိုးရသည့်တိုင်းတစ်တိုင်း ဖြစ်ကြောင်း။

ဟင်းအိုးကြီး

ယခု ၂၀၀၅–၂၀၀၆ခုနှစ်တွင် မိုးစပါး ဧက ၃၆သိန်းနှင့် နွေစပါး ဧက ၁၆သိန်းကျော် စိုက်ပျိုးနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဧရာဝတီ တိုင်းသည် ရှေးယခင်ကာလက **"နိုင်ငံတော်ရဲ့ စပါးကျီ" "နိုင်ငံတော်ရဲ့ ထမင်းအိုးကြီး"**လို့ တင်စားခေါ်ဝေါ်ခဲ့ရာမှ ယခုအခါ စပါးကျီသာမက မွေးမြူရေးကဏ္ဍတိုးတက်ဖြစ်ထွန်းလာသည့်အတွက်**"ဟင်းအိုးကြီး"**ဖြစ်သည်ဟုလည်း ခေါ်ဆိုနိုင်ပြီဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်အောင် ဦးဆောင်၍ စေတနာထား ဆောင်ရွက်ပေးနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် နိုင်ငံတော်အစိုးရအား ဧရာဝတီ တိုင်းသားများကိုယ်စား အထူးကျေးဇူးတင်ရှိကြောင်း၊ မိမိတို့ ဧရာဝတီတိုင်းသားများ အနေနှင့် နိုင်ငံတော်၏ကျေးဇူးကို တုံ့ပြန်သောအားဖြင့် နိုင်ငံတော်ကပေးအပ်ထားသော ရည်မှန်းချက်တာဝန်များ ရာနှုန်းပြည့်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်လည်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ပါကြောင်း ကတိပြုပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးဖြစ်သော ဦးခင်မောင်ဝင်းက ယခင်သစ်သားတံတားအဆင့်မှ အမြဲတမ်း ကွန်ကရစ်တံတားအဖြစ် တိုးမြှင့်တည်ဆောက်ဖွင့်လှစ်ပေးခဲ့ခြင်းအတွက် ဒေသခံပြည်သူများအနေဖြင့် များစွာ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းမှူး၊ဝန်ကြီးနှင့် အဖွဲ့သည် တံတားဖွင့်လှစ်မည့် မင်္ဂလာမုခ်ဦးရှေ့သို့ သွားရောက်နေရာယူကြပြီး မင်္ဂလာအချိန်နံနက် ၈ နာရီ ၃၅ မိနစ်တွင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က ဖဲကြိုးဖြတ်၍ မရမ်းငူတံတားကို ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ဒေသခံပြည်သူများနှင့်အတူ တံတားမုခ်ဦးရှေ့တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က စက်ခလုတ်နှိပ်၍ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို ဖွင့်လှစ်ပေးပြီး ဝန်ကြီးနှင့်အတူ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။ ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ဒေသခံပြည်သူများနှင့်အတူ မရမ်းငူတံတားကို ဖြတ်သန်းကြည့်ရှုကြသည်။

ယခုတည်ဆောက်ဖွင့်လှစ်ပေးခဲ့သော မရမ်းငူတံတားမှာ သံကူကွန်ကရစ် လွန်တူးဘိုးပိုင် အုတ်မြစ်ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မနှင့် သံကူကွန်ကရစ်ရက်မ အမျိုးအစားဖြစ်၍ စုစုပေါင်းတံတားအရှည် ပေ ၂၄၀ ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီပါရှိသည်။ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်းတန် ၆၀ ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇–၈–၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ အတီးပြိုင်ပွဲ
၈း၀၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၁၀ ၇။ အဆိုပြိုင်ပွဲ
၈း၂၀ ၈။ ထပ်ဆင့်အောင်ပွဲ ဧရာဝတီတံတား (ဒေးဒရဲ)
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ Let's Go.
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၄း၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅း၀၀ ၅။ ၂၀၀၅ခုနှစ်တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ဓမ္မပူဇာတေး) (ဝါသနာရှင်အဆင့်) (အမျိုးသမီး)
၅း၁၀ ၆။ အကပြိုင်ပွဲ
၅း၂၀ ၇။ သီချင်းကြီးသရုပ်ဖော်
၅း၃၀ ၈။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅း၄၀ ၉။ မြန်မာ့ရိုးရာလက်ဝှေ့ပွဲ
၆း၀၀ ၁၀။ သုတစုံလင်ရွှေညာဏ်ရှင်
၆း၃၀ ၁၁။ ညနေခင်းသတင်း
၇း၀၀ ၁၂။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပျောက်ဆုံးသွားသောအရာ" (အပိုင်း–၁)**
၇း၃၅ ၁၄။ ကြွခိုင်ကျန်းမာပြည်မြန်မာ
၇း၄၅ ၁၅။ ကြားမြင်သုတ ပြည့်ဝစေရာစာပဒေသာ
၇း၅၀ ၁၆။ ပေါင်းလောင်းရေလှောင်တမံနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ ရန်ကုန်ပန်တျာသန်းထွင့်အောင်နှစ်ပါးသွားအကဖျော်ဖြေခန်း
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

ဆေးလိပ်အန္တရာယ်နှင့် စိတ်ကျန်းမာရေး ပညာပေးဟောပြောပွဲ အထကသုဝဏ္ဏ၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်ာန်းကျွန်းမြို့နယ် အထကသုဝဏ္ဏ ကျောင်းကျန်းမာရေးအဖွဲ့၏စီစဉ်မှုဖြင့် ကျောင်းကျန်းမာရေး ပညာပေးဟောပြောပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အထကသုဝဏ္ဏ သီရိသုဝဏ္ဏပညာခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးထွန်းမင်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီမြင့်နှင့်အဖွဲ့ဝင်များ၊ မိဘဆရာအသင်းအတွင်းရေးမှူး ဒေါ်ဖြူဖြူဝေနှင့် အဖွဲ့ဝင်များ၊ ကျောင်းကျန်းမာရေးအဖွဲ့ခေါင်းဆောင် ဆရာမ ဒေါ်မြမြကြည်နှင့် အဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ပညာပေးဟောပြော

ဟောပြောပွဲတွင် ဆရာ ဦးမောင်မောင်လှ၊ ကျန်းမာရေးဦးစီးဌာန လုပ်ငန်းခွင်ကျန်းမာရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(အဆိပ်ဓာတ်ခွဲ) ဒေါက်တာမင်းသန်းညွှန့်နှင့် ရန်ကုန်ဆေးတက္ကသိုလ်(၁) စိတ်ကျန်းမာရေး ပညာဌာန ပါမောက္ခ၊ ဌာနမှူး ဒေါက်တာဦးလှဌေးတို့က ပညာပေးဟောပြောခဲ့ကြသည်။ (က–ပ)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တော်သန့်ရှင်းသာယာလှပစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး အတွက် တာမွေမြို့နယ် နတ်ချောင်းတစ်လျှောက် အမှိုက်၊ ရွှံ့နှင့် နုန်းများ ဆယ်ယူရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

ရန်ကုန်မြို့တော်သန့်ရှင်းသာယာလှပရေး တိုင်းမှူးနှင့်မြို့တော်ဝန် စစ်ဆေးမှာကြား

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပစေရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် လမ်းများနှင့်လူသွားစင်္ကြံများ အဆင့်မြှင့်တင်ခင်းကျင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နံနက် ၆နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် ရေကြောင်းပညာသိပ္ပံအနီးရှိ ဘုရင့်နောင် လမ်းမကြီးတစ်လျှောက် လမ်းဘေးရေနုတ်မြောင်းနှင့် လမ်းဘေးရေဆင်းပေါက် ဆယ်ယူရှင်းလင်းမှု၊ ဒဂုံမြို့နယ်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ရှေ့ပြည်လမ်း လမ်းဘေးလူသွားစင်္ကြံ ကွန်ကရစ်ကျောက်ပြားများ အဆင့်မြှင့်တင်ခင်းကျင်းခြင်းနှင့် လူသွားစင်္ကြံဘေးကပ်တုံးများ တပ်ဆင်မှုများ၊ အမျိုးသားပြတိုက်ရှေ့ရှိ လမ်းဘေးရေနုတ်မြောင်း ဆယ်ယူရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် မြက်နှင့်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းမှုများ၊ ပြည်သူ့ဥယျာဉ်အတွင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၏ ထန်းပင်ပျိုးခြံအတွင်း ထန်းစေ့တစ်သိန်းကျော် ပျိုးထောင်ထားရှိမှုများ၊ တာမွေမြို့နယ် သမိန်ဗရမ်းလမ်း လမ်းတစ်လျှောက် လမ်းဘေးရေနုတ်မြောင်း ဆယ်ယူရှင်းလင်းမှုနှင့် နတ်ချောင်းတစ်လျှောက် အမှိုက်၊ ရွှံ့နှင့် နုန်းများ ဆယ်ယူရှင်းလင်းမှုများ၊ တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်းဖြတ်ရေနုတ်မြောင်း ဆယ်ယူရှင်းလင်းမှုများနှင့် ဝေဇယန္တာလမ်းနှင့် ပါရမီလမ်းဆုံအနီး ပါရမီလမ်း လမ်းသားပြုပြင်ခင်းနေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က အမြင့်တင့်တယ်ပြီး ပြည်သူများ ရေရှည်အသုံးပြုနိုင်သော လူသွားစင်္ကြံများဖြစ်အောင် သတ်မှတ် စံချိန်စံညွှန်းမီစွာဖြင့် ခင်းကျင်းကြရန်နှင့် သန့်ရှင်းသာယာလှပ၍ ကျန်းမာရေးနှင့် ညီညွတ်သောလမ်း၊ ရပ်ကွက်၊ မြို့နယ်၊ ခရိုင်မှသည် မြို့တော်ကြီးတစ်ခုလုံး သန့်ရှင်းသာယာလှပပြီး ကျန်းမာရေးနှင့် ညီညွတ်စေရေးဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ၂၀၀၅ခုနှစ် အောက်တိုဘာတွင် ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၆

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်အကျိုး၊ နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ အကျိုးအတွက် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၀၅ခုနှစ် အောက်တိုဘာတွင် ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ကျောက်မျက်ရတနာပြပွဲတွင် သင့်လျော်သည့် အခြေခံရောင်းဈေး သတ်မှတ်သည့် ကျောက်မျက်ရတနာများကို ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူကြမည်ဖြစ်၍ နိုင်ငံသားလုပ်ငန်းရှင်များသည် ရောင်းရငွေများ တိုးတက်ရရှိမည်ဖြစ်သည်။ ထို့အပြင် ရတနာကုန်သည်များသည် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို ဝယ်ယူမှုများသဖြင့် ပြပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်လျော်သည့် အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ် တင်ပြရောင်းချရန် အထူးလိုအပ်သည်။

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် ယခင်ရတနာပြပွဲများနည်းတူ ရောင်းရငွေများ အမြန်ရရှိရေး၊ ပြည်ပတင်ပို့ရေး၊ ရောင်းရငွေများကို ပြည်ပပို့ကုန်ရောင်းရငွေ (Export Earning) အဖြစ် သတ်မှတ်ရေးနှင့် အခြားလိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်သည်။ ထို့အပြင် ရတနာပြပွဲသို့ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည် များများတက်ရောက်စေရန် ပြည်တွင်း၊ ပြည်ပမှ သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက်ရှိသည်။

၂၀၀၅ခုနှစ် အောက်တိုဘာတွင် ကျင်းပမည့် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံသားများက တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၅ခုနှစ် ဩဂုတ် ၁၇ရက်မှစ၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်လက်ခံခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်းများ ဆောင်ရွက်မည်ဖြစ်၍ မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)နှင့် ဆက်သွယ် ဆောင်ရွက်နိုင်သည်။ (သတင်းစဉ်)

ဆေးဝါးများ အရည်အသွေး အာနိသင်ပြည့်မီပြီး ဈေးနှုန်းမှန်ကန်မျှတရန်လို ပြည်သူများ အန္တရာယ်မဖြစ်စေရေးအတွက် ကျယ်ပြန့်စွာအသိပညာပေး

ရန်ကုန် ဩဂုတ် ၁၆

ကျန်းမာရေးဝန်ကြီးဌာန ဗဟိုအစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီနှင့် မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်း ကုန်သည်ကြီးများနှင့် လုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့တို့ ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင် အဖွဲ့ဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့် တက်ရောက်၍ အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံအတွင်း ရောင်းချလျက်ရှိသော ဆေးဝါးများအရည်အသွေးအာနိသင်ပြည့်မီပြီး ဈေးနှုန်းမှန်ကန် မျှတရန်လိုကြောင်း၊ ဆေးဝါးများမှာလည်း စံချိန်မီဆေးဝါးများဖြစ်ရန်လိုအပ်ကြောင်း၊ စံချိန်မမီဆေးဝါးနှင့် ဆေးဝါးအတုများကို စစ်ဆေးဖော်ထုတ်လျက်ရှိပြီး ပြည်သူများ အန္တရာယ်မဖြစ်စေရေးအတွက် ကျယ်ပြန့်စွာ အသိပညာပေးသွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူများအတွက် ထိရောက်မှန်ကန်သောဆေးဝါးများ ရရှိအသုံးပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်က အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဌာနအနေဖြင့် အစားအသောက်များနှင့် ဆေးဝါးအတုအပများ စစ်ဆေးဖော်ထုတ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဆွေက တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ရောင်းချမှု၊ စစ်ဆေးခွင့်ပြုမှုများကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်း ကုန်သည်ကြီးများနှင့် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဒေါက်တာမောင်မောင်လေးက မြန်မာနိုင်ငံအတွင်း ဆေးဝါးတင်သွင်းရောင်းချမှုများကိုလည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များက မြန်မာနိုင်ငံတွင် အဓိကဆေးဝါးများကို တိုင်းရင်းသားစက်မှုလုပ်ငန်းရှင်များအနေဖြင့်မှုဘောင်သတ်မှတ်ချက်များထား၍ အထိန်းအကွပ်ဖြင့် တိတိကျကျ ထုတ်လုပ်ဆောင်ရွက်စေနိုင်လျှင် ဆေးဝါးဈေးနှုန်းများမှန်ကန်ပြီး တင်သွင်းသည့် ဆေးဝါးများ ဈေးနှုန်းထက်များစွာ သက်သာနိုင်မှုကိုလည်းကောင်း အသီးသီး ဆွေးနွေးတင်ပြကြသည်။ ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က နိဂုံးချုပ် အမှာစကားပြောကြားသည်။

(သတင်းစဉ်)

ဆဋ္ဌမအကြိမ်မြောက် အားကစားဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း လူသစ်တန်းဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် ဩဂုတ် ၁၆

၂၀၀၅ ခုနှစ် ဆဋ္ဌမအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်းလူသစ်တန်း အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် မန္တလေးတိုင်းရှိ သတ်မှတ်ထားသော ဘောလုံးကွင်းများ၌ ဆက်လက်ကျင်းပသည်။

သရေကျ

ပြိုင်ပွဲတွင်(က)အုပ်စု မန္တလေးဇုန်၌ကျင်းပသော ပြိုင်ပွဲတွင် ရန်ကုန်တိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ စိုင်းနေထွန်းကျော်က ရရှိသွားသည်။

(ခ)အုပ်စု ကျောက်ဆည်ဇုန်၌ ကျင်းပသောပြိုင်ပွဲတွင် ကရင်ပြည်နယ်က ရခိုင်ပြည်နယ်ကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုကို ကရင်ပြည်နယ်မှ နိုင်လင်းဦးက ရရှိသွားသည်။

(ဂ) အုပ်စု

(ဂ)အုပ်စု ပြင်ဦးလွင်ဇုန်၌ ကျင်းပသောပြိုင်ပွဲတွင် ကယားပြည်နယ်က တနင်္သာရီတိုင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက်အကောင်းဆုံးဘောလုံးသမားဆုကို ကယားပြည်နယ်မှ ဖိုဝါနီကရရှိသွားသည်။

ဧရာဝတီတိုင်းနိုင်

(ဃ)အုပ်စု မိတ္ထီလာဇုန်၌ ကျင်းပသော ပြိုင်ပွဲတွင် ဧရာဝတီတိုင်းက မွန်ပြည်နယ်ကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုကို ဧရာဝတီတိုင်းမှ မင်းအောင်က ရရှိသွားသည်။ (သတင်းစဉ်)

ဘက်စုံပြုပြင်မှုလုပ်ငန်းများ ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၁၆

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သွားတော်ဓာတ်နှင့် ဆံတော်ရှင် သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းအပြင် ဘက်စုံပြုပြင်တည်ဆောက်မှု လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။

တည်ဆောက်မှုလုပ်ငန်းများအတွက် ပါဝင်လှူဒါန်းလိုသူများသည် ကျိုက်သလွံစေတီတော် မြတ်ကြီး၏ ဖုန်း–၀၅၇–၂၁၃၃၄၊ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အောင် ဖုန်း–၀၅၇–၂၄၈၇၈ နှင့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း–၀၅၇–၂၃၀၀၄ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က–ပ)

စီးပွားရေးစွမ်းဆောင်ရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၆

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ တည်ထောင်သည့် (၁၀)နှစ်ပြည့် အထိမ်းအမှတ်နှင့် ဒသမအကြိမ်နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ဩဂုတ် ၂၁ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် Ball Room ၌ ကျင်းပမည်ဖြစ်ရာ နာယကအဖွဲ့ဝင်များ၊ အကြံပေးများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အသင်းဝင်များအားလုံး မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်းနှင့် ထိုနေ့ ညနေ ၆နာရီတွင် နှစ်ပတ်လည် ညစာစားပွဲကို ဆီဒိုးနားဟိုတယ်၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

သုတဘဏ် စာတမ်းဖတ်ပွဲ

ရန်ကုန် ဩဂုတ် ၁၆

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က သုတဘဏ် စာတမ်းဖတ်ပွဲများကို ကျင်းပလျက်ရှိရာ ဩဂုတ် ၂၇ရက် မွန်းတည့် ၁၂နာရီတွင် ဆရာထန်လှိုင်က "တိမ်မြုပ်ပျောက်ကွယ် လုနီးပါးဖြစ်နေသော မြန်မာ့ဖက်ဝန်းလှီးပညာ" စာတမ်းနှင့် ဆရာကြီး သိပ္ပံမှူးတင်က "လူထုသိပ္ပံမဂ္ဂဇင်း ၂၅နှစ်ထုတ်ဝေခဲ့သည့် အတွေ့အကြုံများ" စာတမ်းတို့ကို ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ဒုတိယထပ်ရှိ ဟောပြောပွဲခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြသည်။ (သတင်းစဉ်)

စပါးက ရွှေ
ငါးက ငွေ
လယ်ယာသားငါး
ပြည့်စီးပွား

အခြေခံ ခရစ်ကက် အားကစားနည်းပြသင်တန်းဆင်း ဝန်ကြီး ပိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၁၆

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း အစည်းအဝေးခန်းမ (၁)၌ ကျင်းပသော အခြေခံခရစ်ကက် အားကစားနည်းပြသင်တန်း (၁/၂၀၀၅) ဆင်းပွဲ၊ ပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ခရစ်ကက်အားကစားနည်း တိုးတက်မြင့်မားရေးအတွက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီကလှူဒါန်းသည့် ငွေကျပ် ၁၀သိန်းကို ပေးအပ်ရာ မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညွန့်ဝင်းက လက်ခံသည်။

ပေးအပ်

ဆက်လက်၍ ဝန်ကြီးက အခြေခံခရစ်ကက်အားကစားနည်းပြ သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို လည်းကောင်း၊ ထူးချွန်သင်တန်းသား သင်တန်းသူများအား ဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး ရန်ကုန်တိုင်းမှ အခြေခံပညာအထက်တန်း ကျောင်းနှင့် မန္တလေးတိုင်း အားကစားနှင့် ကာယပညာဦးစီးဌာနသို့ ခရစ်ကက်အထောက်အကူပစ္စည်းများကို တာဝန်ရှိသူများအား ပေးအပ်သည်။

အနိုင်ရ

ယင်းနောက် အခြေခံခရစ်ကက်အားကစားနည်းပြ သင်တန်းသား၊ သင်တန်းသူများက အပြာရောင်နှင့် အစိမ်းရောင်နှစ်သင်းခွဲပြီး ယှဉ်ပြိုင်ကစားကြရာ အပြာရောင်အသင်းက ၄၉မှတ်၊ ၃၀မှတ်ဖြင့် အနိုင်ရရှိသွားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌက အကောင်းဆုံး ဘောလုံးပစ်သွင်းသူဆုရရှိသော အပြာရောင်အသင်းမှ ရဲမျိုးထွန်းအားလည်းကောင်း၊ အကောင်းဆုံး ဘက်တံရိုက်သူဆုနှင့် ဘက်စုံထူးချွန်ဆုများကို ရရှိသော အပြာရောင်အသင်းမှ ခင်မောင်ထွန်းအား လည်းကောင်း၊ အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော အပြာရောင်အသင်းနှင့် ဒုတိယဆုရရှိသော အစိမ်းရောင်အသင်းတို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်လိုက်သည်။ (သတင်းစဉ်)

ပေးအပ်

ခရစ်ကက် အားကစားနည်း တိုးတက် မြင့်မားရေးအတွက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီက လှူဒါန်းသည့် ငွေကျပ် ၁၀သိန်းကို အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ပေးအပ်ရာ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညွန့်ဝင်း လက်ခံရယူစဉ်။ (အဖွဲ့ချုပ်)

အထက်မြန်မာပြည် လမ်းညွှန်စာအုပ်

ရန်ကုန် ဩဂုတ် ၁၆

အထက်မြန်မာပြည် လမ်းညွှန် Mandalay Yellow Pages စာအုပ်ကို မြန်မာတစ်ပြည်လုံးသို့ ပုံနှိပ်ထုတ်ဝေ ဖြန့်ချိလိုက်ပြီဖြစ်သည်။ ဤစာအုပ်တွင် အထက်မြန်မာပြည် အဓိကစီးပွားရေး မြို့ကြီးပေါင်း ၅၀ရှိ ကုမ္ပဏီနှင့် စီးပွားရေးလုပ်ငန်းများ၏ လိပ်စာနှင့် ဖုန်းနံပါတ်များ အပြည့်အစုံ ပါရှိသည်။ မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကချင်ပြည်နယ်၊ တောင်ငူခရိုင်နှင့်ပြည်ခရိုင်တို့၏ မြို့ပြမြေပုံနှင့် မြို့သင်္ကေတ အလှအပများ ဝေဆာလှပစွာ ထည့်သွင်းဖော်ပြပါရှိသည်။ စာမူခွင့်ပြုချက်အမှတ် ၅၃၀၀၀၅၆၀၅၀၇၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၄၀၆၀၆၀၅၀၇ နှင့် ဖြန့်ချိခွင့်အမှတ် ၅၃၀၀၂၉၀၅၀၈ ဖြစ်သည်။



(သတင်းစဉ်)

မြန်မာလိဂ် အဆင့်မြင့်တန်းကွင်းဖွင့်ဖလားပွဲ စွမ်းအင်အသင်းအနိုင်ရပြီး ကွာတားတက်

ရန်ကုန် ဩဂုတ် ၁၆

မြန်မာလိဂ် အဆင့်မြင့်တန်းကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့၌ ဆက်လက်ကျင်းပရာ စွမ်းအင်အသင်း အနိုင်ရပြီး ပြည်ထဲရေးနှင့် လယ်/ဆည်တို့ တစ်ဂိုးစီ သရေကျသွားသည်။

စွမ်းအင်အသင်း သုံးဂိုး။
(ဝေယံမောင်–နှစ်ဂိုး၊ မင်းမင်းထွန်း–တစ်ဂိုး။)
ကာကွယ်ရေးအသင်း ဂိုးမရှိ။
ဒိုင်လူကြီး ဦးသိန်းမြိုင်။

ယမန်နှစ်ကွင်းဖွင့်ပြိုင်ပွဲတွင် ဒုတိယရရှိထားသော စွမ်းအင်အသင်းသည် ယနေ့ပွဲတွင် ကာကွယ်ရေးအသင်းကို အနိုင်ရရှိ၍ အုပ်စုအဆင့်ကို ကျော်လွန်သွားပြီဖြစ်သည်။ ကာကွယ်ရေးအသင်းသည် အုပ်စုတက်ရေး မျှော်လင့်ချက်မရှိသော်လည်း အားကစားစိတ်ဓာတ်အပြည့်ဖြင့် ကစားသွားသည်။

စွမ်းအင်အသင်းသည် အနိုင်ရရှိရေးအတွက် အမာခံကစားသမားများကို ပွဲထုတ်ကစား သွားသည်။ ပွဲစကတည်းက ဖိကစားခဲ့သော်လည်း ပထမပိုင်းပြီးရန် ရှစ်မိနစ်အလိုကျမှ ဝေယံမောင်သွင်း၍ ပထမဂိုး စတင်ရရှိခဲ့သည်။

ဒုတိယပိုင်းတွင် စွမ်းအင်အသင်း ကပင် ခြေအသာဖြင့် ကစားသွားသည်။ ၁၀ မိနစ်တွင် နိုင်ဝင်းကန်သွင်းသော ဘောလုံးကို ကာကွယ်ရေးဂိုးသမား ဇော်ဝင်းဆန်းကာကွယ်ရာ ပြန်ထွက်လာစဉ် ဝေယံမောင်က ပိတ်သွင်းယူခဲ့သဖြင့် စွမ်းအင် ဒုတိယဂိုးရရှိသွားသည်။ ၃၇မိနစ်တွင် မင်းမင်းထွန်းက အဝေးမှ အမှတ်မထင်ကန်သွင်းလိုက်သဖြင့် စွမ်းအင်အသင်း တတိယဂိုး ရရှိသွားသည်။

ယနေ့ပွဲကစားအပြီးတွင် စွမ်းအင်အသင်းက သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ခုနစ်မှတ်ဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)
မြို့တော်စည်ပင်နှင့်ကမ္ဘောဇ
(အောင်ဆန်းကွင်း)
လယ်ယာထွက်ကုန်နှင့် ရထားပို့ဆောင်ရေး

(ကြေးမုံ)

လှူဒါန်း

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းနေ ဒေါ်ခင်ကြည်၏ (၇၄)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးအတွက် ထာဝရ ငွေပဒေသာပင်အလှူငွေ ကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေး အဖွဲ့–အဖွဲ့ဝင် ဦးမြင့်လွင် လက်ခံယူစဉ်။

(က–ပ)

ချန်ဒရာဘို့(စ်) ရုပ်ရှင်ဇာတ်ကား နေပြည်တော်ရုံ၌ တင်ဆက်ပြသ

ရန်ကုန် ဩဂုတ် ၁၆

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးက ဒါရိုက်တာ မစ္စတာရာမ်ဘနီဂဲလ် ရိုက်ကူးသည့် နေတာဂျီ ဆူဘတ်(စ်) ချန်ဒရာဘို့(စ်) ရုပ်ရှင်ဇာတ်ကား တင်ဆက်ပြသခြင်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ၄နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ နေပြည်တော်ရုပ်ရှင်ရုံ၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် သံရုံးအဖွဲ့ဝင်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်မိသားစုများ၊ ဇာတ်ကားရိုက်ကူးသူ ဒါရိုက်တာမစ္စတာ ရာမ်ဘနီဂဲလ်၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ စာပေ၊ ဂီတ၊ ရုပ်ရှင်အနုပညာရှင်များနှင့် မြန်မာနိုင်ငံ နိုင်ငံခြား သတင်းထောက်များအသင်းမှ အသင်းဝင် သတင်းထောက်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Rajiv Kumar Bhatia က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဇာတ်ကားရိုက်ကူးသူ ဒါရိုက်တာ မစ္စတာရာမ်ဘနီဂဲလ်က "Netaji Subhas Chandra Bose: The Forgotten Hero" ဇာတ်ကားရိုက်ကူး ထုတ်လုပ်ရခြင်းအကြောင်းကိုရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အမှာစကားပြောကြားသည်။

ထို့နောက် ဒါရိုက်တာ မစ္စတာရာမ်ဘနီဂဲလ် ရိုက်ကူးသည့် Netaji Subhas Chandra Bose: The Forgotten Hero ဇာတ်ကားဖြင့် ပြသဖျော်ဖြေပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်ထားရှိမှု အခြေအနေအား မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချိုနှင့်အဖွဲ့ ဩဂုတ် ၁၄ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

ရန်ကုန် ဩဂုတ် ၁၆

လွန်ခဲ့သော ၂၄နာရီအတွင်း ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း(အောက်ပိုင်း)နှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာခဲ့ကာ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ သံတွဲမြို့တွင် ၆ ဒသမ ၇၃လက်မ၊ သထုံမြို့တွင် ၃ ဒသမ ၆၆ လက်မ၊ ဘားအံမြို့တွင် ၂ ဒသမ ၈၄လက်မ၊ အမ်းမြို့တွင် ၂ ဒသမ ၂၀ လက်မနှင့် မိုးကုတ်မြို့တွင် ၂ ဒသမ ၁၃လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

ဩဂုတ် ၁၇ရက် ညနေအထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်း(အောက်ပိုင်း)၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

အောင်ဆန်းမိုးကုတ်ရိပ်သာ တရားစခန်း ကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

အင်းစိန်မြို့နယ် အောင်ဆန်းတောရ တပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ (၇၇)တွင် (၁၀၃)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ ၁၀ ရက် တရားစခန်းပွဲကို ဩဂုတ် ၂၂ ရက်မှ ၃၁ ရက်အထိနှင့် (၁၀၄)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ ၁၅ ရက် တရားစခန်းပွဲကို စက်တင်ဘာ ၂၀ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းပွဲတွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပြည်တွင်းပြည်ပ သာသနာပြုမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရက ပဋိစ္စသမုပ္ပာဒ် တရားတော်များကို ဟောကြားပြသတော်မူမည်ဖြစ်ရာ ယောဂီများ ဖုန်း–၆၄၁၉၆၆ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က–ပ)

မြန်မာနိုင်ငံပြင်ပကို ဗဟိုပြု၍ အင်အားပြင်း ငလျင်လှုပ်

ရန်ကုန် ဩဂုတ် ၁၆

ယနေ့မြန်မာစံတော်ချိန် နံနက် ၉နာရီ ၂၄မိနစ် ၄၂စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၃၂၀၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်းအနီး ပင်လယ်ပြင်) ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၇ဒသမ၂ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း သက်ဆိုင်ရာက သတင်းရရှိသည်။ (သတင်းစဉ်)

စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်ရှိနိုင်

ရန်ကုန် ဩဂုတ် ၁၆

စစ်တောင်းမြစ်ရေသည် ယနေ့ နံနက် ၆နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၃၆ စင်တီမီတာသို့ ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် အနည်းငယ်ကျဆင်းနေပြီး ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ် ၁၀၇၀စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်း အင်ဒိုနီးရှား သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၁၇

၂၀၀၅ခုနှစ် ဩဂုတ် ၁၇ ရက်၌ ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ နှစ်(၆၀)မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုယိုနိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အင်းတောလျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင်ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (ဝဲပုံ) နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဘုတလင်မြို့နယ်ရှိ အင်းတော လျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင် ရေငြိမ်ကန်နှင့်ပင်မမြောင်းမှ ရေပေးနေမှုများ၊ ချင်းတွင်းမြစ်အနေအထားနှင့်ချင်းတွင်းမြစ်မှ ရေတင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (အောက်ပုံ)
(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အင်းတောလျှပ်စစ်မြစ်ရေတင်စီမံကိန်း စစ်ဆေး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ စိုက်ပျိုးမွေးမြူရေးကိစ္စများ မေးမြန်းမှာကြား

ရန်ကုန် ဩဂုတ် ၁၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့– အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဩဂုတ် ၁၄ရက် နံနက် ၇နာရီခွဲတွင် ပခုက္ကူမြို့ကို ရေပေးလျက်ရှိသည့် ပခုက္ကူမြို့ ဆုကြီးပန်တောင်ရေပေးဝေရေးစခန်းသို့ ရောက်ရှိရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးကျော်က ပခုက္ကူမြို့၌ လက်ရှိ ရေပေးဝေမှု အခြေအနေများ၊ ရေတိုးချဲ့ပေးဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားပြီး ရေလှောင်ကန်ကို ကြည့်ရှုစစ်ဆေးသည်။ စာမျက်နှာ ၇ ကော်လံ ၁ သို့ ✧